စိတ်ကူးချိုချိုအနုပညာ

mgyoe.com




# ခိုင်ရဲ့ ရင်ခုန်သံတွေ

တတိယအကြိမ်

mgyoe.com

၁၉၅၀-၅၁ ပြည်တွင်းစစ်ကာလကို
နောက်ခံထားရေးဖွဲ့ခဲ့ပြီး
၁၉၅၉ က သတင်းစာကြီးတစ်စောင်တွင်
အခန်းဆက် ဖော်ပြခဲ့သော
ရန်ကုန်ဘဆွေ၏လက်ရာ။




ISBN 9789997130495
YGN18
9 789997 130495
2,500.00 KS

mgyoe.com

နှင်းနှင့် ရန်ကုန်ဘဆွေ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၅၅++ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၁ စယ်ဒေအာင်စာပေ၏ ဒုတိယအကြိမ်မှ
(ပထမအကြိမ် - ထွန်းသစ်စာပေ)

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ဝတ္ထုဖန်တီးသူ၏ အရေးအသားအသုံးအနှုန်းများမှာ ထိုခေတ်ထိုအခါက အခြေအနေများအပေါ် ရေးဖွဲ့သုံးနှုန်းခဲ့ခြင်းသာဖြစ်ပါသည်။ ယနေ့အချိန်အခါနှင့် မကိုက်ညီတော့သည်များရှိပါက ခွင့်လွှတ်ပြင်ဆင်မှတ်ယူပေးပါရန်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပထမအကြိမ် ထုတ်ဝေသူ၏အမှာ

ယခုလထုတ်အဖြစ် စာရေးဆရာ "ရန်ကုန်ဘဆွေ"၏ ကြော်ငြာပြီးဖြစ်သော "ခရေမ" သို့မဟုတ် "စိတ္တဗေဒဝတ္ထု" တစ်အုပ်အုပ်ကို ထုတ်ဝေရန် စာရေးဆရာ ရန်ကုန်ဘဆွေမှ တာဝန်ယူထားခဲ့ပါသည်။

အကြောင်းကြောင်းတို့ကြောင့် စာရေးဆရာ ရန်ကုန်ဘဆွေမှာ အထက်ပါ ဝတ္ထုများကို အပြီးမသတ်နိုင်ဘဲရှိပါသည်။

ဤအတောအတွင်း စာရေးဆရာက စာဖတ်ပရိသတ်နှင့် ကျွန်ုပ်တို့တိုက်ကို မေတ္တာထားသောအားဖြင့် ၎င်းတွင် အဆင်သင့်ရှိပြီးဖြစ်နေသည့် စာမူများကို ပေးသဖြင့်သာ ယခုကဲ့သို့ ဆရာ၏ဝတ္ထုကို ထုတ်ဝေနိုင်ခြင်း ဖြစ်ပါသည်။

"နှင်းနု" အမည်ရှိ ဤစာအုပ်သည် ၁၉၅၀–၅၁ ခုနှစ်အတွင်း ပြည်တွင်းစစ်ကာလကို နောက်ခံထားပြီး ၁၉၅၉ ခုနှစ်တွင် သတင်းစာတစ်စောင်၌ ရေးသားခဲ့ပြီးသော ဝတ္ထုတစ်ပုဒ် ဖြစ်၍ တစ်ကြိမ်တစ်ခါဖူးမျှ လုံးချင်းစာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေခဲ့ဖူးခြင်း မရှိသေးပါကြောင်း။

ထုတ်ဝေသူ



mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စာရေးသူ၏အမှာ

ကေအင်ဒီအို ကရင်အမျိုးသားများ စီးထားသော တောင်ငူမြို့ကျ လုလု အချိန်ကဖြစ်သည်။

စာရေးသူသည် မိတ္ထီလာမြို့မှနေ၍ ရဲဘော် ၂၀၀ ခန့်ကို အုပ်ချုပ်လျက် ရှမ်းပြည်၊ ပင်လောင်းမြို့ကို ဖြတ်ပြီးလျှင် တောင်ငူနှင့် ပျဉ်းမနား ကားလမ်းရှိ သာဝတ္ထိရွာကလေးဆီသို့ အထမ်းသမားလမ်းပြများ မပါရှိဘဲ ခြောက်ရက်နှင့်အရောက် နေ့ရောညပါ ချီတက်လာခဲ့ရသည်။

သာဝတ္ထိရွာကလေးသို့ရောက်သော် ရန်ကုန်မန္တလေး ကားလမ်းကြီး အတိုင်း များစွာ မကွာဝေးလှသော မြောက်ဘက်ရှိ လယ်ဝေးနှင့် ပျဉ်းမနားတို့တွင် စာရေးသူနှင့် တိုက်ရမည့် ကွန်မြူနစ်များ ရှိနေကြသည်။

ကားလမ်းကြီးအတိုင်း တောင်ဘက်တွင် မြို့လှ၊ ရေတာ ရှည် စသည်တို့၌ စာရေးသူနှင့် တိုက်ခိုက်ကြရမည့် ကေအင်ဒီအို ကရင်အမျိုးသား လက်နက်ကိုင်တပ်များ ရှိနေကြသေးသည်ဟု ကြားသိရသည်။

ထိုသတင်းနှင့် ထပ်တူကြားသိရသော သတင်းတစ်ခုမှာ ယနေ့ပင်လျှင် ဗိုလ်ချုပ်ကျော်ဇောတို့ တပ်မကြီး တောင်ငူမြို့

mgyoe.com

mgyoe.com


ထဲသို့ ဝင်နိုင်ခဲ့သည်ဟူသော သတင်းဖြစ်သည်။

အမှန်မှာ စာရေးသူသည် တောင်ငူမြို့တွင်းသို့ ဗိုလ်ချုပ်ကျော်ဇောတို့မဝင်မီ သုံးရက်ခန့်စော၍ ရောက်သင့်သော ကိစ္စရှိနေသည်။

သို့ရာတွင် သက်ဆိုင်ရာ စစ်ဌာနချုပ်က တမင်အချိန်ဆွဲ၍ စာရေးသူတို့ကို လွှတ်လိုက်သောကြောင့် ယခုကဲ့သို့ နောက်ကျသွားရခြင်း ဖြစ်သည်။

ထို့ကြောင့် စာရေးသူသည် အလွန်သိလိုသော ကိစ္စတစ်ခုအတွက် ဗိုလ်ကလေးတစ်ယောက်ကို တောင်ငူမြို့သို့ စေလွှတ်ခဲ့သည်။

ရတဲ့နည်းနဲ့ ရောက်အောင်သွားရမည်၊ တစ်နာရီကြာလျှင် နောက်က စစ်ကူလိုက်လာမည်၊ တိုက်ပွဲဖြစ်မည်ဆိုလျှင် ဖြစ်နှင့်ဟု အကြောင်းကြား လိုက်၏။

ဗိုလ်ကလေးသည် သွက်လက်ဖျတ်လတ်စွာ ဂျစ်ကားပေါ်သို့ တက်သွားသည်။

စာရေးသူသည် ကျန်ရှိသော ရဲဘော်များကို တစ်မိုင်ကွာခန့်စီတွင် သုံးနေရာခွဲစေလျက် နေရာအယူခိုင်း၏။

တစ်နေရာရာမှ အတိုက်ခံရလျှင် ကျန်နှစ်နေရာမှ မည်သို့အကူအညီပေးရမည်ကို စီစဉ်၏။ အုပ်ချုပ်ရမည့်ဗိုလ်များ မည်သို့တစ်နေရာနှင့် တစ်နေရာ အဆက်အသွယ်ပေးရမည်၊ မီးပြစကားပြောရမည်တို့ကိုပါ ပြုလုပ်ပေးထား၏။

ပြီးလျှင် အကြောင်းစုံမှာကြား၍ တောင်ငူဘက်သို့ထွက်ခွာလာခဲ့၏။ ရှေ့မှသွားနှင့်သော ဗိုလ်ကလေး၏ဂျစ်ကားကို မတွေ့ရ၊ ညလမ်းကြီးအတိုင်း ကုန်ကားနှင့်သွားနေကျ ဒရိုင်ဘာသည် ကားသွားရသည့် လမ်းရိုးအတိုင်း စကားမပြောဘဲ အတင်းမောင်းနှင်နေ၏။

မြို့လှ၊ ရေတာရှည် စသော နေရာတို့တွင် မြို့ထဲမှဖြတ်၍ မောင်းလာရသည်ချည်းဖြစ်သည်။ လမ်း၏တစ်ဖက်တစ်ချက်

mgyoe.com

mgyoe.com



တွင် ဘန်ကာကြီးများ ပိတ်ဆို့လျက်ရှိ၏။ ကင်းရဲဘော်ကလည်း သတိဝီရိယနှင့် စောင့်နေဟန်ရှိကြ၏။ စာရေးသူတို့သည် ကင်းတဲများ၊ ဘန်ကာများကို ဖြတ်ကျော်လျက် တောင်ငူမြို့တွင်းသို့ ဝင်လုလု အဝသို့ ရောက်လာကြသည်။

တစ်လမ်းလုံး ဘေးမသီရန်မခရှိလာခဲ့ရသမျှ တောင်ငူမြို့တွင်း အဝင်သို့ရောက်ရှိလာကာမှ ကားပေါ်သို့ သေနတ်ဖြင့် ကျော်ပစ်ခံရသည်။

ကားရှိရာသို့ မီးမောင်းကြီးဖြင့် ထိုးထားခြင်း ခံရသည်။ ကားပေါ်မှ ဆင်း၍ ကင်းရှိရာသို့ သွားရောက်တွေ့ဆုံခဲ့ပြီးနောက် ဝတ္တရားအရသာလျှင် မေးရကြောင်း၊ ရှေ့ကကားမှ ပြောသွားပြီဖြစ်ကြောင်း၊ ထို့ပြင် စာရေးသူတို့ ဖြတ်လာခဲ့သော နေရာများမှာ ရန်သူ့နေရာများသာလျှင်ဖြစ်ကြောင်း၊ တပ်မတော်ဘက်မှ မည်သည့်တပ်ဖွဲ့မှ မပို့ပေးရသေးကြောင်း အသည်းယားဖွယ်ရာ သိရှိရသည်။

ထို့နောက် အဆိုပါ ရေတာရှည်၊ မြို့လှ စသော နေရာများကို နှစ်ရက်ခန့် တိုက်ယူကြရသည်။

အထူးသဖြင့် ရဲဘော်ဖြူ ဗိုလ်အောင်ဒင်၏ကူညီတိုက်ခိုက်မှုကြောင့် ပို၍ လွယ်ကူစွာ ရရှိခဲ့သည်။

စာရေးသူတို့သည် တောင်ငူမြို့ပေါ်တွင် နှစ်ရက်လုံးလုံး နားနေပြီး နောက် မိမိတပ်ရှိရာ သာဝတ္ထိသို့ အေးအေးဆေးဆေး ပြန်လာခဲ့သည်။

လမ်းတစ်လျှောက်လုံးတွင် ရွာတွေအားလုံးလိုလိုတို့သည် ပြာကျလျက် ရှိကြသည်။ စိမ်းစိမ်းစိုစိုရှိသင့်သော သစ်ပင်ကြီးများသည် ပြာပုံတို့ အလယ်မှာ ကျိုးတိုးကျဲတဲ မည်းခြောက်ခြောက်နှင့် ငေါငေါကြီး တည်ရှိနေကြသည်။

ရေမိုးအလျဉ်းသင့်သော စမ်းချောင်းရှိသည့် နေရာအနီးအနားတို့တွင် ထောင်ပေါင်းများစွာသော အိမ်ထောင်သည်တို့သည် လှည်းကို အိမ်ပြုလျက် အလွန်ဆင်းရဲ ငြိုငြင်စွာ စုရုံး

mgyoe.com

mgyoe.com


နေထိုင်ကြကုန်သည်။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် ဤလိုသော လှည်းစခန်းကြီးပေါင်း များစွာတို့ကို တွေ့ကြရသည်။

စာရေးသူသည် ထိုလှည်းစခန်းများ၊ ရွာပျက်များကို ဓာတ်ပုံရိုက်ရင်း အဆိုပါ စစ်ပြေးတောသားကြီးများနှင့် ရင်းနှီးစွာ စကားပြောရသည်၊ မေးမြန်းစုံစမ်းရသည်။

ထိုစဉ်က တွေ့ကြုံခဲ့ရသော ပြည်တွင်းဆူပူမှုနှင့် ရှုခင်းများ၊ သတင်းတို့သည် စာရေးသူ၏ နှလုံးသားတွင် စွဲထင်ခဲ့ရသည်။

ဆီးခြောက်သော ခေါင်းမွေးနှင့် ရဲတင်းဟန်ရှိသော အပျိုကလေးများ၏ မလုံမလဲ စုတ်ပြဲဖာထေးထားရသည့် ဝတ်စုံသည် ကြားသိထားရသောသတင်းများနှင့် ပေါင်းစပ်လျက် စာရေးသူကို စိတ်ကူးယဉ်စေခဲ့သည်။

ထိုစိတ်ကူးယဉ်မှုသည် စက္ကူကြမ်းပေါ်တွင် စာလုံးအသွင်နှင့်သရုပ်ဖော်ပြီးသောအခါ ဆွဲယူဖတ်ရှုသော မိတ်ဆွေတစ်ယောက်က…

အချစ်ခန်းတစ်နေရာတွင် တာရာမဂ္ဂဇင်းဟောင်းတစ်ခုမှ စာရေးဆရာမ ကြည်အေးရေးသော အမည်မေ့နေသည့် ဝတ္ထုတစ်ခုနှင့် တူနေသည်ဟု ပြောလာသည်။

သို့သော် စာရေးသူသည် လိပ်ပြာသန့်သန့်နှင့်ပင် မပြင်ဆင်ဘဲ ထားလိုက်၏။ အကြောင်းကိုဆိုသော် ထိုမိတ်ဆွေထောက်ပြသော အချစ်ခန်းကလေးသည်…

တပ်နီရဲဘော်ကျော်ဇံ (တောခိုတောတွင်း၌ ဘရင်ဂေးရိုးယားဟု သတင်းကြားရသည်) နောက်သို့ပါသွားသော တော်လှန်ပြီးစအချိန်တွင် ထုတ်ဝေခဲ့သည့် လက်ရေးစာစောင်မှ ဤစာရေးသူရေးခဲ့သည့် ငှက်ပျောတော ဟူသော ဝတ္ထုမှ ပြန်လည်ဖော်ထုတ်လိုက်သောကြောင့် ဖြစ်သည်။

အတွေးအခေါ်ကလေးတစ်ကွက်နှင့်ပတ်သက်၍ စာရေးသူသည် ကြည်အေးကိုလည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း

mgyoe.com

mgyoe.com



သံသယရှင်းသည်။

အကြောင်းကိုဆိုသော် ထမင်းငတ်နေသူ နှစ်ယောက်တို့သည် တစ်ခါတစ်ရံတွင် ထမင်းဆာပုံကို ပြောပြကြရာ၌ ထပ်တူထပ်မျှလောက်နီးနီး တူကောင်းတူနိုင်လိမ့်မည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။

ထို့အတူ စာရေးသူသည် အချစ်ဆာနေသော မိန်းကလေးတစ်ဦးကို အလွန်ငယ်စဉ်က တွေ့ခဲ့ရဖူးသည်။

ထိုတွေ့ခဲ့၊ မှတ်ခဲ့၊ သတိထားခဲ့ဖူးသော မိန်းကလေး၏လှုပ်ရှားပုံသည် စစ်ပြေးလှည်းမြို့တော်ကြီးတွင် သနားစဖွယ်တွေ့မြင်လိုက်ရသော အမျိုးသမီးငယ်တစ်ဦးနှင့် ဝိုးတဝါးတူလျက်ရှိရာ နှင်းနုဟူသော ဤဝတ္ထုတွင် ထိုမိန်းကလေး၏အမူအကျင့်ကိုပင် ဇာတ်ဆောင်မိန်းကလေး၏ အမူအကျင့်ပြုလုပ်ပေးလိုက်သည်။

နောက်ဆုံးချုံး၍ ပြောရသော်...

ဤနှင်းနုဟူသော ဝတ္ထုသည် တောင်ငူ ကရင်လက်နက်ကိုင်ဆူပူသူများ ထွက်သွားစဉ်က တွေ့ရ၊ မြင်ရ၊ ကြားရ၊ သိရသောအတွေ့အကြုံများကိုလည်းကောင်း၊ စာရေးသူကိုယ်တိုင် တွေ့ဖူးသိဖူးသော မိတ်ဆွေအပေါင်း အသင်းများနှင့်တကွ အမျိုးသမီးငယ်များ၏ အမူအကျင့်တွေကိုပါ...။

သင့်တော်နိုးနိုး သူ့နေရာနှင့်သူ နေရာချထား၍ ရုပ်ရှင်ရိုက်ရန် ရေးသားထားသော ရုပ်ရှင်ဇာတ်လမ်းကြောင်းတစ်ခုသာဖြစ်ပါကြောင်း။

ရန်ကုန်ဘဆွေ

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အေး..... ဆိုးတယ်။ ကျော့ဝေဆိုတဲ့ လူက အဆိုးဆုံးပဲ။ သူ့မှာ ဘုရားတို့၊ ဘာတို့ဆိုတာလည်း မရှိဘူး။ အင်မတန် ရိုင်းစိုင်းတဲ့အကောင်၊ သူလုပ်ထားတာပေါ့၊ အဖေကြီးတို့နေရာမှာ ဥပဒေမရှိဘူး၊ နိုင်တဲ့လူရဲ့ အဆုံးအဖြတ်ဟာ ဥပဒေပဲ...။

mgyoe.com

mgyoe.com

အဲဒီနယ်တွေအားလုံးဟာ အဘတို့နေရာကလွဲပြီး အကုန်လုံး လိုပဲ ခဏခဏ တိုက်ပွဲတွေ ဖြစ်ကြတယ်ကွဲ့။ အစိုးရက လာ တိုက်လိုက်၊ သူပုန်အချင်းချင်း မတည့်လို့ တိုက်လိုက်နဲ့၊ သေကြ တော့ ရွာသားတွေချည်းပဲ။ မီးအလောင်ခံရတော့ လယ်သမား တွေ အိမ်ချည်းပဲ...။

mgyoe.com

mgyoe.com

ဖက်ဆစ်က ငါ့အမျိုး၊ ငါ့တိုင်းပြည်အတွက် အကုန်လုံးကို အနိုင်ယူရမယ်၊ ဒီလို အနိုင်ယူဖို့ကိစ္စမှာ ငါ့အမျိုးသားအားလုံးက အနစ်နာခံပြီး လုပ်ကြရမယ်၊ ဒီလမ်းမှာရှိတဲ့ ခလုတ်တံသင်းဆိုရင် အဖေအမေဖြစ်စေ၊ သစ္စာဖောက်အဖြစ်နဲ့ ရက်ရက်စက်စက် သတ်ပစ်ရမယ်ဆိုတဲ့သဘောပဲ။ အမှန်တော့ သူတို့စေတနာလည်း ချီးကျူးထိုက်တဲ့ စေတနာပေါ့ကွာ၊ ဒါပေမဲ့ ဒီအမျိုးသားရေးလုပ်ငန်းကို လုပ်တဲ့ လူတွေထဲမှာ အမျိုးသားအရင်းရှင်ကြီးတွေက ကြိုးကိုင်ခြယ်လှယ်နေတာတော့ အမျိုးသားဆင်းရဲသားတွေအတွက် သိပ်နစ်နာနေကြတာပေါ့ကွာ...။

mgyoe.com

mgyoe.com

အဲဒီ ဆရာကျော့ဝေဆိုတဲ့ လူကိုယ်တိုင်က ရှုံးတဲ့လူဟာ အပြစ်ကျူးလွန်တဲ့လူချည်းပဲတဲ့၊ တရားတယ်ဆိုတဲ့စကားဟာ နိုင်တဲ့လူတိုင်းမှာ ပိုင်ဆိုင်တဲ့ အရာဝတ္ထုတဲ့၊ လောကမှာ တရားမှုဆိုတာ ဘယ်မှာမှ ပုံသေရှာလို့ မတွေ့နိုင်ဘူးတဲ့၊ ပြီးတော့ လူတွေဟာ လူရယ်လို့ဖြစ်ပြီး ကြီးပွား လာကြတာဟာ အမြဲတမ်းတိုက်နေလို့တဲ့၊ ရာသီဥတုနဲ့ တိုက်လိုက်၊ တိရစ္ဆာန်တွေနဲ့ တိုက်လိုက်၊ အဲဒီလို တိုက်တိုင်း နိုင်လာကြလို့ လူရယ်လို့ ဖြစ်လာကြတာပဲတဲ့။ ဒါကြောင့် နိုင်အောင် မတိုက်နိုင်သူမှန်သမျှ လူမပီသဘူး။ လူပီသချင်ရင် အကုန်လုံးကို အနိုင်ယူရမယ်တဲ့။ ပြီးတော့ အမြဲတမ်းလည်း ဆက်ဆက်ပြီး တိုက်နေကြရမယ်တဲ့...။

mgyoe.com

mgyoe.com

ဒါကြောင့် မင်းတို့ဟာ ဒီနေရာမှာ စုငတ်နေကြပြီး အစားတစ်နပ်အတွက် လူအချင်းချင်း သတ်ကြ၊ အနိုင်ကျင့်ကြနဲ့ လုပ်နေကြရတယ် မဟုတ်လား။ အဲဒီလို မင်းတို့ကို အိုးမဲ့အိမ်မဲ့တွေ ဖြစ်ကုန်ကြအောင်၊ လူကျင့်တရားတွေ ပျက်စီးအောင် လုပ်နေကြတဲ့ တရားခံတွေဟာ ဘယ်သူတွေလဲ မင်းတို့သိရဲ့လား။ မင်းတို့အထဲက တချို့ သိကြပါတယ်။ မပြောဝံ့ကြဘူး မဟုတ်လား။ လူဆိုတာ မှန်တာကို ပြောရဲရတယ်၊ မှန်တာကို လုပ်ရဲရတယ်။ ကိုယ့်ဘဝ လွတ်မြောက်ရေးကို စုဆောင်းပြီး ရုန်းထွက်ဖို့ ကြိုးစားရဲရတယ်။ မင်းတို့ လွတ်မြောက်အောင် ကြိုးစားကြ၊ မင်းတို့ကို အဲဒီဒုက္ခတွေနဲ့ ဖိစီးနှိပ်စက်နေကြတဲ့ တရားခံတွေဟာ ဟောဒီ ကျော့ဝေနဲ့ အပေါင်းအပါလူစုပေါ့ကွ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

နွေရာသီ၏ ညတစ်ညဖြစ်ပါသည်။

ကျယ်ပြန့်သော ကုန်းမြင့်ကြီး၏ဆင်ခြေလျှောတွင် ဟိုတစ်စု ဒီတစ်စု အမိုးအကာ ကျကျနနမရှိဘဲ နေထိုင်လျက်ရှိကြသော ဒုက္ခသည်များသည် ကြယ်ပြောင်ကလေးများ ပြွတ်သိပ်လျက်ရှိနေသော မိုးကောင်းကင်ကြီးကို ဝမ်းဟာဟာနှင့် မော့ကြည့်နေကြလေသည်။

တချို့က မိမိတို့၏အစာရရှိရေးအတွက် ခပ်တိုးတိုး တိုင်ပင်နေကြ၍ တချို့မှာ အဖျားအနာရောဂါများ၏ နှိပ်စက်မှုကြောင့် ညည်းညူလျက်ရှိကြသည်။ တချို့နေရာများမှ အစာမစားရသော ကလေးငယ်များ၏ ရှူးရှူးဝါးဝါး ငိုယိုသံသည် တိတ်ဆိတ်သောညကို ထွင်းဖောက်၍ ထွက်လာလေသည်။

တစ်ခါတစ်ခါတွင် ၎င်းတို့နှင့် မနီးမဝေး ကုန်းမြင့်ပေါ်ရှိ မီးတွေထိန် လျက်ရှိသော တဲကြီးဆီမှ ပျော်ရွှင်စွာ ရယ်လိုက်ကြသောအသံတို့ကို ခပ်သဲ့သဲ့ ကြားနေကြရလေသည်။

ထိုအတွင်း လေရူးကလေးနှင့် ရောနှော၍ ပါလာသော မနီးမဝေးရွာများဆီမှ သေနတ်ပစ်ဖောက်သံများ၊ မီးလောင်သံများကို ကြားလိုက်ကြရလေသည်။

မှောင်ကြီးထဲတွင် ငြိမ်သက်၍နေကြသော လူအုပ်ကြီးသည် မိုးမိုး

mgyoe.com

mgyoe.com


မည်းမည်းနှင့် လှုပ်လှုပ်ရွရွ ဖြစ်လာကြလေသည်။

"လာဟေ့... ထကြပ။ ပွဲတော်ကြီးနဲ့ တိုးပြန်ပဟေ့... နားထောင် လိုက်ကြစမ်း..."

သေနတ်သံများ လေထဲတွင် ဆူညံစွာ မြည်ဟည်း၍ လွင့်ပါလာ ကြလေသည်။

"ကြေးစည်သံတွေ ကြားပြန်ပဟေ့... ဒါကြောင့် နတ်ထွင်းတဲ့ ခံတွင်း လို့ လူကြီးသူမတွေ ပြောတာပေါ့လကွာ... ဒီပွဲတော်ကြီးမှာ ဝင်ကြလိုက် ကြရရင်တော့ တစ်လစာ ဖူလုံသွားကြမှာပဲကွ..."

ဒုက္ခသည် အိုးမဲ့အိမ်မဲ့များသည် မိမိတို့ပိုင် တုတ်၊ ဓားများကို ပြင် ဆင်လျက် ရှိကြလေသည်။

တချို့ အိပ်ရာပေါ်တွင် လဲနေကြသော လူမမာများသည်လည်း နီးရာ လက်နက်များကို ဆွဲကာ အတင်းအားခဲ၍ ထလျက် ရှိကြလေ သတည်း။

*

လေရူးကလေးများ ဝှေ့ယမ်းလျက်ရှိကြသော်လည်း တဖျစ်ဖျစ် နှင့် မြည်ဟည်းတောက်လောင်လာသော မီးညွန့်မီးလျှံတို့ကို ဖြတ်သန်း တိုက်ခတ် လာခြင်းဖြစ်သောကြောင့် ပူလောင်အိုက်စပ်လျက် ရှိကြသည်။

မီးတောက်သံ ဖျိုးဖျိုးဖျစ်ဖျစ်ကြားထဲတွင် သေနတ်သံများလည်း ဆူညံစွာ ရောထွေးလျက် ပါလာသည်။

တစ်ရွာလုံး ဆောက်တည်ရာမရဘဲ ခြေဦးတည့်ရာကို ပြေးနေကြ သည်။ အော်သူအော်၊ ခေါ်သူခေါ်နှင့် မိခင်ကွဲနေသော သားငယ်၏ ဟစ်အော်ငိုလိုက်သော အသံများကိုလည်း ကြားနေရသည်။ လူတွေသာ မက ကျွဲနွား ကြက်ငှက်များလည်း အုပ်လိုက်အုပ်လိုက် လိုက်လံပြေးလွှား လျက်ရှိကြသည်။ တချို့ ကြီးမားသော အိမ်ကြီးများလည်း မီးတောက်မီးလျှံ များနှင့်တကွ ရွာလမ်းပေါ်သို့ဖြတ်ကာ လဲပြိုကျလျက် ရှိကြသည်။ ကျောမွဲ ကြီးများကို သနားသဖြင့် တိုင်းပြည်ကို ပြုစုပျိုးထောင်ရန် အားခဲလျက် ရှိကြသော တော်လှန်ရေးသမားအမည်ခံတို့၏ သေနတ်ကျည်ဆန်တို့သည်

mgyoe.com

mgyoe.com


ဆောက်တည်ရာမရဘဲ ပြေးလွှားနေကြသော ရပ်သူရွာသားတို့ကို ထိမှန်ကာ ရွာလမ်းပေါ်တွင် အတုံးအရုံး လဲလျက် ရှိကြသည်။

လွန်ခဲ့သော မိနစ်အနည်းငယ်ခန့်က ဆန်ကွဲကျို၍ ငါးပိရည်လူးကာ ဆွေမျိုး၊ မိဘ၊ ညီအစ်ကိုမောင်နှမ၊ သားသမီး တစ်ပြုံတစ်ခေါင်းနှင့် တပျော်တပါးကြီး စားသောက်ပြီး မြေမွေ့ရာပေါ်တွင် ကြည်နူးလာခဲ့ကြသော လယ်သမားအိမ်ထောင်သည်ပေါင်းများစွာတို့သည် ယခု တစ်ခဏချင်း ဆွေကွဲ၊ မျိုးကွဲ၊ သားကွဲ သမီးကွဲဖြစ်ကြကာ သောကပရိဒေဝ ဒေါမနဿ ဥပယာသတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရရှာလေသတည်း။

မျက်စိရှေ့တွင်ပင် သေသူတွေ သေကုန်ကြပြီဖြစ်သော်လည်း ကျန်ရစ်ခဲ့သူတို့၏ ဒုက္ခတို့မှာလည်း မအေးလှသေး၊ မထိခိုက်သေးသဖြင့် မသေသေးဘဲ ကြွင်းကျန်ရစ်ကြသော ရွာသားအားလုံးတို့သည် ပြေးပေါက်မရှိဘဲ ရွာထိပ်ရှိ မြေကွက်လပ်ကြီးတစ်ခုတွင် အလိုလို စုရုံးနေမိလျက်သားဖြစ်နေကြလေသည်။ နောက်ဘက်ဆီမှ မီးတွေ တဟုန်းဟုန်း တောက်လောင်နေကြသလောက် ရှေ့ဘက်ဆီမှလည်း ကျည်ဆန်တွေတဗိုးဗိုး ဖြတ်သန်းလာလျက် ရှိကြသည်။ အားလုံးလိုလိုပင် တစ်ယောက်နှင့် တစ်ယောက်ကြည့်ကာ ဖြူရော်သောမျက်နှာနှင့် ထိတ်ထိတ်ပျာပျာ ဖြစ်နေကြရှာသည်။

ယောကျ်ားတွေက အံကြိတ်လျက် ဒေါသကြောင့် တဆတ်ဆတ် တုန်ရင်း ပါးစပ်မှ ဆဲဆိုရေရွတ်ကာ မိမိတို့၏ သားသမီးနှင့် မယားတို့ကို ဆွဲယူပွေ့ဖက်၍ ထားကြသော်လည်း...

မိန်းမများနှင့် ကလေးများမှာမူ ဆောက်တည်ရာမရဘဲ ဟစ်အော်ငိုလျက် ရှိကြလေသည်။

ဆူသံ၊ ဆဲသံ၊ ငိုသံ၊ အော်သံတွေကြားထဲတွင် တုန်ယင်ချည့်နဲ့သော်လည်း တည်ငြိမ်သော အသံတစ်ခုသည် အခြားအသံများကို လွှမ်းမိုးကာ ရုတ်တရက် ပေါ်၍လာခဲ့သည်။

"သားတို့၊ သမီးတို့၊ မြေးတို့၊ ကဲ... တိတ်လိုက်ကြစမ်း၊ ငါတို့ အခုအချိန်မှာ ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိကြဘူး။ တကယ်လို့ သေကြရတောင် ဘုရားကိုအာရုံပြုရင်း သေကြစို့လား..."

mgyoe.com

mgyoe.com


"ကဲ... ထိုင်ကြ၊ ထိုင်ကြ။ ဒါမှ ကျည်ဆန်အထိအခိုက်လည်း သက်သာသွားကြမယ်ကွဲ့ ..."

စောစောက သွေးလန့်လျက် ကျွက်စီကျွက်စီ လှုပ်လှုပ်ရှားရှား မတ်တတ်မတ်တတ်နှင့် နေကြကုန်သော လူအုပ်ကြီးသည် ရုတ်တရက် သတိရကြကာ တချို့က ထိုင်လိုက်ကြ၏။ တချို့က ဒူးထောက်လိုက်ကြ၏။ တချို့က မှောက်လိုက်ကြ၏။ ထိုအချိန်၌ အဘသည် ရဲရင့်တည်ငြိမ်စွာ ကောင်းကင်သို့ မျက်နှာမူလျက် ဒူးထောက်ပြီးလျှင် ဘုရားကို အာရုံပြုလိုက်သည်။

အဘ၏ရဲရင့်သော အဘိုးအိုသံသည် သေနတ်သံတွေကြားထဲမှ ကြည်နူးဖွယ်ရာ ထွက်ပေါ်၍လာခဲ့သည်။

"အို... သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ သနားတတ်သော ဗုဒ္ဓ ရှင်တော်ဘုရား...၊ ဘုရားတပည့်တော်နှင့်တကွ ဤရိုင်းစိုင်းယုတ်မာသော လောကသားအပေါင်းတို့အား ယဉ်ကျေးအောင် ဆုံးမတော်မူလှည့်ပါ ကရုဏာတော်သခင် အရှင်တော်မြတ်ဘုရား"

အဘိုးအို၏အသံသည် ဆောက်တည်ရာမရသူတို့အား ငြိမ်သက်စေ၏။ လက်အုပ်ချီစေ၏၊ လိုက်လျောစေ၏။ သို့နှင့် အားလုံးတို့သည် အဘိုးအိုနှင့်အတူ လိုက်၍ ဆိုကြကုန်၏။

"အစိန္တေယျ အစိန္တေယျ၊ အပ္ပမေယျ အပ္ပမေယျ၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ် ဘုရားအား တပည့်တော်တို့သည် တုပ်ကွရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။

သတ္တဝါအများတို့အား ကရုဏာတရားနှင့် ရင်ဝယ်သားကဲ့သို့ လွှမ်းမိုးသောမေတ္တာ ထားရှိတော်မူသော မြတ်စွာဘုရား၊ ရှင်တော်ဘုရား၏ ကရုဏာရေအလျှဉ်သည် လောကသားတို့၏ လောဘ၊ ဒေါသ၊ မောဟ စိတ်များ ကို လွှမ်းမိုးကာ စာနာတတ်သော တရားများ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မာစိုရ်တရားကို ပွားများနိုင်ကြပါစေ ကုန်သတည်း"

သူတို့၏အသံသည် ကောင်းကင်ယံသို့ ဟိန်းတက်သွားလေသည်။ သို့ရာတွင် သေနတ်ကျည်ဆန်များသည် သူတို့အသံကို ပမာမထား လာမြဲ

mgyoe.com

mgyoe.com


လာနေ၏။ မှန်မြဲ မှန်နေ၏။ တစ်ယောက်ပြီးတစ်ယောက် ထိနေ၏။

ထိပေစေ၊ သေပေစေ၊ သူတို့တွင် ဘုရားတနေရုံမှတစ်ပါး တခြားအားထားရာလည်း မရှိ၊ ပြုလုပ်ဖွယ်ရာလည်း မရှိ၊ ရွာသားများသည် တစ်ယောက်ပြီးတစ်ယောက် ထိမှန်ကျဆုံးလျက်ရှိကြ၏။ မထိမှန်သေးသောသူများသည် မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် ထိမှန်ကျဆုံးသွားကြသူများကို တစေ့တစောင်း ကြည့်ကာ တွင်တွင်သာလျှင် စိတ်ကိုတင်းလျက် ဘုရားကိုသာ အာရုံပြုနေကြရ၏။

အဘိုးအို၏အသံသည် ပိုမို၍ ကျယ်လောင်လာလေသည်။

"လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ဖုံးလွှမ်းနေသော ဤတိုင်းပြည်အား အမြန်ဆုံး ကယ်... မ..."

ထိုအတောအတွင်း အဘိုးအိုကို ကျည်သင့်ကာ ကျဆုံးခဲ့လေပြီ။ ရွာသားတို့၏မျက်လုံးသည် အဘိုးအိုဆီသို့ရောက်သွားကြ၏။ ရုတ်တရက် အသံတိတ်သွားကြသည်။ ခဏကြာမှ တိုးတိုး၊ တိုးတိုးနှင့် ဆုတောင်းသံ၊ အချင်းချင်းတိုင်ပင်သံ၊ ညည်းညူသံ၊ ကျိတ်ကာငိုလိုက်သံများ တဖြည်းဖြည်း ပေါ်လာကြလေသည်။ ထိုအတွင်း...။

"ဟော့... ဒီ ဘီလူးသဘက်တွေကြားထဲမှာ ဘုရားတနေလို့ သေရုံရှိကြမှာပဲ"

ဟူသော ပြတ်သားသော အသံတစ်ခုကို ကြားလိုက်ကြရလေ၏။

အသံရှင်သည် မျက်နှာတွင် ချွေးသီးချွေးပေါက်များ စို့နေသည်။ အဝတ်အစားများနှင့်တကွ လူတစ်ကိုယ်လုံး စုတ်ပြတ်ညစ်ပေလျက် သူ၏ပုံသည် သူ၏ဘဝ လယ်ကူလီရုပ်ကို ဖော်ပြနေသော်လည်း သူ၏မျက်လုံးများမှာ ဒေါသကြောင့် ပြောင်လက်တောက်ပ၍နေသည်။

သူသည် ထက်မြက်သောအသံနှင့် တောင့်တောင့်ရပ်၍ အော်လိုက်၏။

"ဒါ ကျောမွဲကြီးတွေအတွက်လား၊ ဒီကျည်ဆန်တွေဟာ ကျောမွဲကြီးတွေအတွက်လား၊ သူတို့ ရွာကိုလာကြတိုင်း ပြောသွားကြတဲ့စကားတွေကို စဉ်းစားလိုက်ကြစမ်းပါဦး၊ ခင်ဗျားတို့ ကျောမွဲကြီးတွေအတွက်၊ ပစ္စည်းမဲ့လယ်သမားတွေရဲ့ ကုပ်သွေးကို ခွစုပ်နေကြတဲ့ မြေရှင်၊ အရင်းရှင်ကြီး

mgyoe.com

mgyoe.com


တွေကို တိုက်ဖို့နဲ့ အင်္ဂလိပ်၊ အမေရိကန် အရင်းရှင်တွေရဲ့ အလိုတော်ရိဖြစ်တဲ့ ဖောက်ပြန်တဲ့အစိုးရကို တော်လှန်ဖို့တဲ့...”

“ဟား... ဟား... ဒါ ဖောက်ပြန်တဲ့အစိုးရကို တိုက်တာလား၊ ကျုပ်တို့ဟာ ဖောက်ပြန်တဲ့အစိုးရလား၊ ဒီမှာ ကြည့်ကြစမ်းပါဦး၊ ဒီကလေးလေးဟာ ဖောက်ပြန်တဲ့အစိုးရလား၊ ဒီဘုန်းကြီးကျွေးမှ စားရတဲ့ ကပ္ပိယ အဘိုးကြီးဟာ ဖောက်ပြန်တဲ့အစိုးရလား...”

“ကျုပ်တို့ဟာ ဘယ်သူလာလာ လက်နက်တွေကိုင်လာရင် ကြောက်နေရတဲ့ လယ်သမားတွေချည်းပဲ။ အစိုးရဆိုတာတွေလာလည်း ထမင်းချက်ကျွေးရတယ်၊ အုန်းရည်တိုက်ရတယ်၊ တခြားလက်နက်ကိုင်တွေ လာလည်း ထမင်းထုပ်ပေးရတယ်၊ ကြက်ဥကျွေးရတယ်။ ဒါတွေဟာ ကျုပ်တို့ကိုယ်တိုင် အငတ်ခံပြီး ကျုပ်တို့ချွေးနဲ့စာနဲ့ မြေကြီးလက်ဆုပ် လုပ်ကိုင်ရသမျှ ကလေးတွေကို ကြည်ကြည်ဖြူဖြူ ကျွေးခဲ့ကြရတာ မဟုတ်လား။ အခု ဒီလိုကျွေးခဲ့ကြတဲ့အတွက် သင်းတို့က ကျုပ်တို့ကို ကျေးဇူးဆပ်တယ်၊ သေနတ်တွေနဲ့ ပစ်သတ်ကြတယ်၊ သင်းတို့ကို ကျုပ်တို့ မထောက်ခံဘူး၊ အို... ဘယ်သူ့ကိုမှ မထောက်ခံတော့ဘူး၊ ကျုပ်တို့ဟာ... အခုသေကြရမယ့်လူတွေ မဟုတ်လား၊ သေကြရမယ့်အတူတူ ကျုပ်တို့ထမင်းတွေ စားပြီး ကျုပ်တို့ကို သေနတ်နဲ့ ပစ်သတ်နေကြတဲ့ သင်းတို့တစ်တွေကို ကျုပ်တို့က မကျေနပ် ဘူးဆိုတဲ့အကြောင်း သင်းတို့ကို သိအောင် ပြသွားရမယ်...”

“ကဲ... လာကြဗျို့။ ထကြ။ ကျုပ်တို့ဟာ သေကြရမှာပဲ မဟုတ်လား။ သေကြမယ့်အတူတူ သင်းတို့ကိုတော့ မကျေနပ်ကြောင်း ရဲရဲကြီး ပြသွားမှ...”

ထိုသူ၏ မျက်လုံးများမှာ အော်ရင်း... အော်ရင်း... ပြောရင်း... ပြောရင်း မျက်ရည်တွေ ဝိုင်း၍လာ၏။ မျက်လုံးကြီး လည်၍ လည်၍လာ၏။ ပါးစပ်မှ အမြှုပ်တွေ စီးကျလာ၏။ ကျန်လူများက ရုတ်တရက် ရောယောင်၍ မတ်တတ်ရပ်လိုက်ကြပြီးမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြန်၍ ထိုင်သွားကြလေသည်။ နောက်ဆုံး ထိုလူတစ်ယောက်တည်း ရပ်လျက် ရှိလေသည်။ ထိုလူသည် လှည့်၍ကြည့်ရင်း အလွန်အားမရသည့် မျက်နှာဖြင့်...

“နေကြ... ခင်ဗျားတို့ နေကြ၊ ဒါကြောင့် ဒီကောင်တွေက ခင်ဗျားတို့

mgyoe.com

mgyoe.com


ကျုပ်တို့ကို တောခွေးတွေဆိုပြီး လာလာညှဉ်းဆဲနေကြတာ၊ ခင်ဗျားတို့ ဒီအတိုင်းခံနေရင်လည်း ထမင်းတစ်အိုးချက် မကြာခင် ကျုပ်တို့ သေကြရမှာပါပဲ၊ ခင်ဗျားတို့ ဒီလိုခံနေလို့ ကျုပ်တို့လယ်သမားတွေရဲ့ရွာတွေကို မီးလောင်တိုက်သွင်းနေကြတာပဲ၊ သူပုန်ရွာဆိုပြီး အစိုးရကပစ်လိုက်၊ ဖောက်ပြန်တဲ့ အစိုးရသူလျှိုရွာဆိုပြီး သူပုန်က မီးနဲ့တိုက်လိုက်၊ ရွာသားတွေကို အလယ်က အကာအကွယ်အဖြစ်ထားပြီး သူပုန်နဲ့ အစိုးရက ညှပ်ပြီး ပစ်လိုက်၊ ဒီလို သင်းတို့လုပ်နေကြတာတွေကို ခင်ဗျားတို့က သေတဲ့အထိ ခံနိုင်ပေမဲ့ ကျုပ် မခံနိုင်ဘူး၊ ကျုပ် မကျေနပ်ဘူး"

ကျန်လူများသည် ငြိမ်သက်လျက် ကြောင်တောင်တောင်နှင့် ထိုသူကိုသာ ကြည့်နေကြလေသည်။ ထိုသူသည် အရူးလို ကုန်းကုန်းအော်လျက်ရှိသည်။ သူ့တွင် လူစိတ်ရှိပုံမရ၊ ဒေါသနှင့် ကုန်းကုန်းအော်ရင်း ပစ်ခတ်နေသောဘက်သို့ မျက်နှာမူကာ ထွက်သွားလေသည်။

"ငါ မကျေနပ်ဘူးကွ၊ တို့ကျွေးတဲ့ ထမင်းတွေစားပြီး တို့ကို ပစ်သတ်နေတာ ငါ မကျေနပ်ဘူးကွ၊ ငါတို့ကို ပစ်သတ်နေကြတာ၊ ငါတို့ဟာ ဖောက်ပြန်တဲ့ အစိုးရလားကွ... ကျောမွဲတွေအတွက်ဆိုပြီး ကျောမွဲတွေကို ချည်း ပစ်သတ်နေတာ မင်းတို့ရဲ့တော်လှန်ရေးလမ်းစဉ်လားကွ..."

ထိုအသံများသည် သေနတ်သံတွေကြားထဲတွင် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားလေသည်။ ကျန်ရစ်ခဲ့သော လူအုပ်ကြီးသည် ထိုလူထွက်သွားရာသို့ ငေးစိုက်၍ ကြည့်နေကြသည်။ တချို့သူများ၏ မျက်လုံးအိမ်များတွင် မျက်ရည်များပင် ရစ်ဝိုင်းလျက်ရှိနေကြသည်။ ထိုသို့ ကြည့်နေကြစဉ် ထိုလူ၏အသံသည် ရုတ်တရက် ပျောက်သွားကာ စိုက်စိုက်၊ စိုက်စိုက်နှင့် ထိုးကျသွားလေသတည်း။

လူအုပ်ကြီး၏ ပင့်သက်ချလိုက်သော အသံသည် မီးလောင်သံတွေကြားထဲ၌ပင် ပေါ်လွင်၍လာတော့သည်။ ထို့နောက် ခဏမျှငြိမ်သက်၍ သွားကြပြီးနောက် ရှိုက်ငိုလိုက်သံ၊ တိုးတိုးကျိတ်၍ ဆုတောင်းသံများလည်း ဝေါဝေါ၊ ဝေါဝေါနှင့် မြည်လာပြန်လေသည်။

ထိုအချိန်၌ တည်ငြိမ်အေးချမ်းသော အသံတစ်သံသည် ထောင့်တစ်ထောင့်မှ ပေါ်လာပြန်လေသည်။

mgyoe.com

mgyoe.com


"ကျွန်တော်တို့ အခုလို အကုန်လုံး အသေခံကြမှာထက် ကျည်ဆန်ပါးတဲ့ဘက်ကို ဖြတ်ပြီး ပြေးကြရရင် ကောင်းမယ်"

"ဟုတ်တယ်... ဟုတ်တယ်။ ကျောင်းဆရာလေးပြောတာ ကောင်းတယ်..."

ငြိမ်သက်နေသော လူအုပ်ကြီးသည် တိုးတိုး၊ တိုးတိုးနှင့် ပြောကြပြန်သဖြင့် ဝေါဝေါ၊ ဝေါဝေါနှင့် မြည်လျက် ရှိပြန်လေသည်။

ထို့နောက် ရွာကျောင်းဆရာကလေးက ဆက်၍ ပြောပြန်ရာ အခြားအသံများအားလုံး တိတ်ဆိတ်၍ သွားကြလေသည်။

"ဒီလိုဖြတ်ပြေးတော့ တစ်ခါတည်း အကုန်စုမပြေးဘဲ လေးယောက်တစ်တွဲ ငါးယောက်တစ်တွဲ ပြေးကြပေါ့၊ အဆင်သင့်တဲ့လူတွေလည်း လွတ်သွားကြမှာပဲ၊ ဒီမှာ ငုတ်တုတ်ထိုင်နေတာထက်စာရင် အဲဒီလိုလုပ်တာ မျှော်လင့်ချက်ပိုရှိတယ် မဟုတ်လား..."

ထိုအတွင်း ၎င်းတို့နေရာသို့ မော်တာကျည်ဆန်များ ကျလာလေသည်။ ရွာသားများသည် ကလေးသူငယ်များကိုလည်းကောင်း၊ သားမယားများကိုလည်းကောင်း လက်တွဲကာ အတင်းဖြတ်၍ ပြေးနေကြလေသည်။

၎င်းတို့သည် အစီအစဉ်လိုက်မဟုတ်ဘဲ အားလုံးစုပြုံ၍ ပြေးကြရာ မပြေးဝံ့သူအချို့သာလျှင် ကျန်ရှိကြလေသည်။

ထိုမပြေးဝံ့သူများကြားထဲတွင် အသက် ၁၇ နှစ်ခန့်ရှိသော အဖြူအမည်ရှိသော မိန်းမပျိုကလေးတစ်ယောက် ပါရှိလေသည်၊ သူ၏မိခင်သည်...။

"ဟဲ့... အဖြူ"

ဟုခေါ်ရင်း မိန်းမပျိုကလေး၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ မိမိအနီးသို့ ဆွဲယူလိုက်သည်။

ထို့နောက် မိန်းမပျို၏မျက်နှာကို အတန်ကြာအောင် စိုက်၍ ကြည့်နေပြီးမှ ရစ်ဝဲလာသောမျက်ရည်ကို မျက်လွှာချ၍...

"ကဲ... သမီး၊ ကြောက်မနေနဲ့"

ဟု ပြော၍ မိန်းမပျိုကလေး၏လက်ကို ဇွတ်ဆွဲကာ ဖြတ်ပြေးလျက်

mgyoe.com

mgyoe.com


ရှိလေသည်။

ပေါက်ကွဲလိုက်သော မော်တာသည် မိန်းမကြီး၏ဘေး၌ ကျကာ အဖြူမှာ လွင့်စဉ်၍သွားလေသည်။

ထို့နောက် သွေးရူးသွေးတန်းနှင့် လူးလဲထကာ ဟိုပြေးသည်ပြေးနှင့် သူ့မိခင်ကို ရှာပြီးနောက် သူ့မိခင်အနားမှ မသွားဝံ့ဘဲ သူ့မိခင်ကိုယ်တွင် မှောက်ကာ ငိုကြွေးနေမိလေသည်။

အဖြူ၏နားထဲတွင် ဆူသံ၊ ပူသံ၊ အော်သံ၊ ဟစ်သံတွေ ကြားနေရကာ ခေါင်းထဲတွင် ဝေတေတေဖြစ်၍ နေလေသည်။

ထို့နောက် သူ့အမေကိုယ်ပေါ်မှ မျက်နှာခွာလိုက်သောအချိန်တွင် သူ၏မျက်စိရှေ့၌ စစ်ဖိနပ်ကို စီး၍ထားသော ခြေထောက်နှစ်ချောင်းကို တွေ့နေရလေသည်။

အဖြူ မော့ကြည့်လိုက်သောအချိန်၌ ခြေထောက်ရှင်သည် သူ၏ မျက်နှာကြီးကို ပြုံးလိုက်ရာ အဖြူမှာ သွေးပျက်မတတ် ဖြစ်သွားလေသည်။

ထို့နောက် ထိုလူက

"ဒါလောက် လှတာကလေးမျိုးတော့ မသတ်ပါဘူးကွာ"

ဟု ပြောရင်း အားရပါးရ ရယ်နေစဉ် သေနတ်သံတစ်ချက်နှင့်အတူ ရင်ဝကို လက်နှင့်အုပ်ကာ အဖြူ၏အပေါ်သို့ ထိုးစိုက်၍ ကျလာသောအခါ အဖြူသည် အသံကုန်အော်ရင်း သတိလစ်၍ သွားလေသတည်း။

❒

mgyoe.com

mgyoe.com

# အခန်း ( ၂ )

အချိန်မှာ နံနက်နေတက်ခါစဖြစ်သော်လည်း စိုပြည်သာယာခြင်း လုံးဝ ကင်း၏။ တစ်ခါတစ်ရံ အဝေးမှပစ်လိုက်သော သေနတ်သံမှတစ်ပါး အခြားအသံများကို မကြားရဘဲ တိတ်ဆိတ်ခြောက်သွေ့လျက် ရှိလေသည်။ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် မီးခိုးများဝေလျက် အရိုးနှင့် ကျဲကျဲ မည်းနေသော မီးလောင်သစ်ပင်များကိုသာ တွေ့ကြရသည်။ တစ်နေရာတွင် တစ်ရွာလုံး မီးလောင်ထားသဖြင့် မီးလောင်ပြီးစ အိမ်တိုင်များသာလျှင် ပြာပုံများပေါ်သို့ ထိုးထိုးထောင်ထောင် မိုးတိုးမတ်တတ်နှင့် ကြွင်းကျန်ရစ် ကြရှာသည်။ မီးလောင်သစ်သားများသည် ဟိုနေရာ၊ သည်နေရာ ဖရိုဖရဲ ပြန့်ကျဲကျလျက်ရှိလေရာ အချို့အချို့မှာ မီးရဲရဲနှင့်ဖြစ်၍ အချို့အချို့ တို့မှာ မီးသွေးခဲသို့ မည်းနေသော်လည်း မီးခိုးငွေ့တလူလူနှင့် အူလျက် ရှိကြလေသေးသည်။

နေရာအနှံ့အပြားတွင် လူသေအလောင်းများသည် ဟိုတစ်စု သည် တစ်စုနှင့် အတုံးအရုံးရှိနေကြရုံမျှမက အချို့သော အိမ်ဝင်းထရံ၊ သွပ်ဆူး ကြိုးတန်း စသည်တို့တွင် လက်ပြတ်ခြေပြတ်များနှင့်တကွ အသား အစ အနများသည် တိုးလိုးတန်းလန်းနှင့် ငြိကပ်လျက် ရှိနေကြတော့သည်။

အစာငတ်နေသော ခွေးလေအချို့သည် တစ်ပိုင်းတစ်စ မီးကျက် လျက်ရှိသော အလောင်းကောင်များကို ဝိုင်းအုံကိုက်ဆွဲလျက် ရှိကြသည်။

mgyoe.com

mgyoe.com


အဆိုပါ လူသေအလောင်းများနှင့် ပြန့်ကျဲ၍ ကွင်းပြင်ကြီးဖြစ်လျက်ရှိသော နေရာတစ်ဖက်စပ်တွင် အစုလိုက်၊ အစုလိုက် လှုပ်လှုပ်ရှားရှားနေသော လူစုကလေးများသည် အရိုးငေါက်တောက် မို့မို့မည်းမည်းနှင့် ထိုးထိုးထောင်ထောင်ရှိနေကြလေသော သစ်ပင်ငုတ်တိုများ၏ကြားထဲတွင် ဟိုဝင်သည်ထွက် စုစု၊ စုစု ဗလုံးဗထွေးနှင့် ရောသွားလိုက်၊ ပြန့်ကျဲ၍ သွားကြနှင့်ဖြစ်နေကြရာ အဝေးမှ လှမ်းမြင်ရလျှင် ဘာလုပ်နေကြပါလိမ့်ဟု အလွန်သိချင်ဖွယ်ရာ၊ အလွန်စိတ်ဝင်စားဖွယ်ရာ ကောင်းလေသည်။

အဆိုပါ လူစုစုများနှင့် ကိုက် ၅၀၀ ခန့်အဝေး မီးလောင်ထားသော ရွာကြီး၏အတွင်းဘက်တွင် လက်နက်ကိုင် လူနှစ်ယောက်တို့သည် အေးဆေးသော အမူအရာနှင့် မျောက်ပန်းမြှောက်လျက် ရှိကြလေသည်။

၎င်းတို့နှစ်ယောက်သည် နောက်ဆုံးအကြိမ် မျောက်ပန်းမြှောက်ပြီး နှစ်ယောက်အတူ စကားတပြောပြောနှင့် ထလာကြကာ ရွာ၏တစ်ဖက်ဘေး တစ်ခုသောခြံစွန်းတွင် မှီကာ ရပ်လိုက်ကြလေသည်။ လက်နက်ကိုင်တစ်ယောက်သည် အဝေးမှ လူစုစုကို ငြိမ်သက်စွာ မျက်တောင်မခတ်ဘဲ ကြည့်နေလေသည်။

ထိုလူစုစု ဘာလုပ်နေကြသည်ကို အဆိုပါ လက်နက်ကိုင်သည် ကောင်းကောင်းသိလေသည်။ သူသည် ဤလိုလူစုစုမျိုးကို မကြာမကြာတွေ့ဖူးခဲ့လှပြီ၊ ပထမတွေ့ခါစက ရန်သူများ အောက်မေ့သဖြင့် ထိတ်လန့်တကြား ဖြစ်ဖူးခဲ့လှပြီ၊ ရိုးရိုးရိုင်ဖယ်နှင့်ဆိုလျှင် ဘယ်လိုပဲ ပစ်သော်လည်း ထိုလူစုသည် ပျောက်မသွား၊ ပြန်၍လည်း မပစ်၊ ရှိမြဲရှိ၊ လှုပ်ရှားမြဲလှုပ်ရှားလျက် ရှိကြသည်။ အကယ်၍ စက်သေနတ်နှင့် အချက်ဆက်ပစ်လိုက်လျှင်သာ တဖြည်းဖြည်း ပျောက်ကွယ်သွားတတ်ကြလေသည်။

သို့နှင့် အဆိုပါ လက်နက်ကိုင်သည် ထိုလူစုစုရှိနေရာသို့ ကိုယ်တိုင်သွားရောက် စုံစမ်းခဲ့ဖူးလေသည်။ အလွန်ပိန်မြှောင်းလျက် အရိုးပြိုင်းပြိုင်းကျနေသော ထိုလူစုစုသည် ၎င်းတို့ဆီသို့ရောက်လာသည့် အဆိုပါ လက်နက်ကိုင်၏ဆူဖြိုးသောအသားများကို အရှင်လတ်လတ် ဝိုင်းဝန်း ကိုက်ဖဲ့၍စားကြ တော့မယောင်ယောင် ဟောက်ပက်နေသော မျက်တွင်းထဲမှ စူးရှသော မျက်လုံးအစုံများနှင့် မျက်တောင်မခတ် ကြည့်ရှုလျက်ရှိကြလေ

mgyoe.com

mgyoe.com


သည်။ လက်နက်ကိုင်သည် ထိုလူစုကို ရွံရှာသော မျက်လုံးနှင့် ခေတ္တမျှ စူးစမ်းကြည့်ရှုပြီးနောက် ပြန်လာခဲ့လေသည်။ ထိုအကြိမ်သည် ပထမဆုံး အကြိမ်နှင့် နောက်ဆုံးအကြိမ်သာ ဖြစ်လေသည်။

ထို့နောက် ထိုအဆိုပါ လူစုစုရှိရာသို့ ဘယ်တော့မှ သွားရန် စိတ်မကူးခဲ့၊ သို့သော်လည်း ထိုလူစုစုများ ဘာလုပ်နေကြသည်ကို အဆိုပါ လက်နက်ကိုင် သိရှိခဲ့ရပါသည်။ လူစုစုသည် အတုံးအရုံးနှင့် သေဆုံးနေကြသော လူသေအလောင်းများမှ အဝတ်များ၊ ပစ္စည်းများကို အလုအယက် ခွာယူနေကြခြင်း ဖြစ်လေသည်။

ထိုသို့ လုယက်ခွာယူကြရင်း တစ်ယောက်နှင့်တစ်ယောက် ဆဲကြ၏၊ ရိုက်ကြ၏၊ သတ်ကြ၏။ သို့ပင် ရိုက်သတ်ကြစေကာမူ သူတို့ကို ကြည့်လိုက်လျှင် နံရိုးကျဲကျဲ၊ မျက်တွင်းချိုင့်ချိုင့်၊ အရိုးဂေါက်ဂတ် လေတိုက်လျှင် လဲမည့်ပုံသဏ္ဍာန်များသာ ဖြစ်ကြလေသည်။

ခြံစွန်းမှ ငြိမ်သက်၍ကြည့်နေသော လက်နက်ကိုင်လူသည် တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် တဖြည်းဖြည်း ပြုံးလာကာ ထိုလူစုရှိရာသို့ လက်ညှိုးညွှန်လျက် သူ့အဖော်အား ပြောလိုက်၏။

"ဟော့... ငါ ဟောဟိုက အစွန်းဆုံးလူကို ထိအောင်ပစ်မယ်၊ လောင်းမလား တစ်ပဲတမ်း..."

ကျန်တစ်ယောက်သည် အဝေး၌ လှုပ်လှုပ်ရှားရှား စုရုံးစုရုံးလုပ်နေကြသော လူများကို အတန်ကြာ ငေး၍ ကြည့်နေပြီးနောက်...

"မထိစေဘူးကွာ... ရော့ တစ်ပဲ..."

ထို့နောက် ပထမလူသည် အသာချိန်၍ ပစ်လိုက်သည်။ ပြီးလျှင် အတန်ကြာ မျှော်၍ ကြည့်ပြီးနောက် ဝမ်းမြောက်ဝမ်းသာဖြင့်...

"ကဲကွာ... လာလာ တစ်ပဲ..."

ဟု ပြောပြောဆိုဆို သေနတ်ကျည်ဆန်ကို ထုတ်လိုက်ကာ...။

"ကဲ... ဒီတစ်ခါ ဟောဟိုက အလယ်လူ..."

ဟု ပြောလိုက်လေသတည်း။

လူသေပစ္စည်းများကို ခွာယူနေကြသော လူသုံးယောက်စုအနက် အလယ်လူသည် ထိုးကျသေဆုံးသွားလေသည်။ ဘေးမှ လူနှစ်ယောက်သည်

mgyoe.com

mgyoe.com


မတုန်မလှုပ် မျက်နှာသေကြီးများနှင့် သေနတ်သံလာရာဘက်ဆီသို့ မှန်းမျှော်ကြည့်လိုက်ကြသည်။ ထို့နောက် လဲကျသေဆုံးသွားသူ၏ လက်ထဲမှပစ္စည်းများကို နှစ်ယောက်သား သတ်ပုတ်လုယက်၍ ယူနေကြလေသည်။ ထို့နောက် တခြားလူအုပ်တစ်အုပ်ရောက်လာကြပြန်ကာ ဝိုင်းအုံလုယက်ကြပြန်လေသည်။

ထိုလူများအထဲတွင် မိန်းမတွေလည်း ပါ၏။ ကလေးငယ်တွေလည်း ပါ၏။ အဘိုးအို၊ အဘွားအိုများလည်း ပါကြ၏။

တစ်ကြိမ်တွင် ကလေးငယ်ကလေးတစ်ယောက်ကို သေနတ်မှန်ကာ လွင့်မြောက်၍ လဲကျသွားလေသည်။ ကလေးမိခင်သည် လုံးဝမတုန်လှုပ်ဘဲ ကလေးလက်ထဲမှ ပစ္စည်းကလေးကိုသာ အမိအရ ပြေး၍ ကောက်လိုက်ကာ လုံးဝလှည့်မကြည့်ဘဲ ထွက်သွားခဲ့လေသည်။

တစ်ခါတွင် မိန်းမကြီးတစ်ယောက်ကို သေနတ်ကျည်ဆန်မထိဘဲ ပွတ်ကပ် မှန်သွားရာ မိန်းမကြီးက သေနတ်သံလာရာဘက်သို့ မျက်စောင်းထိုးလျက်…။

“တယ်… ဒီမအေတွေကလည်း ထိအောင်ပစ်မှာဖြင့် ထိအောင် ပစ်လိုက်ကြတာ မဟုတ်ဘူး…”

ဟု ရေရွတ်သွားလေသည်။

အလောင်းအစား သေနတ်ပစ်သောနေရာ၌ ပဲစေ့ကလေးများ အပုံလိုက်၊ အပုံလိုက် ထပ်၍နေလေသည်။ နောက်ဆုံးတွင် အမြောက်အမြားရှုံးနေသော လက်နက်ကိုင်တစ်ယောက်က…

“တယ်… ဒီကောင်တွေ ဒါလောက်တောင် မှန်မှန်ပြီး သေချင်ကြတာ သေဦးကွာ… သေဦးကွာ”

ဟု ပြောပြောဆိုဆို စက်သေနတ်တစ်လက်ကို ဆွဲယူလိုက်ကာ အဆက်မပြတ် ပစ်ခတ်လိုက်လေ၏။

သူ၏အဖော်များသည် ထိုသူ၏ ပြုမူပုံကို ကြည့်ကာ ဟားတိုက်၍ ရယ်လိုက်ကြလေသည်။ ထိုအခါမှပင် ပစ္စည်းခွာနေကြသော လူများသည် တစုတရုံးတည်း ခြေဦးတည့်ရာ ပြေးလွှားကြလေသည်။

ထိုသို့ ပြေးလွှားသူများထဲတွင် အဘိုးကြီးတစ်ယောက်သည်
mgyoe.com

mgyoe.com

ဘေးဘက်သို့ လှည့်ကြည့်ရင်း ဆက်လက်ပြေးရာမှ ခဏရပ်ကာ နောက်သို့ တုံ့ပြန်၍ ပြေးလာပြီး နေရာယူ၍ ဝပ်လိုက်လေသည်။ ထို့နောက် ရှေ့သို့ တွား၍သွားရင်း သတိမေ့၍ လဲနေသော မိန်းမပျိုလေး၏ လည်ပင်းမှဆွဲကြိုးကို ဖြုတ်ယူရန် လက်ကမ်းလိုက်လေသတည်း။

အဆိုပါ မိန်းမပျိုလေးမှာ အဖြူဖြစ်ပါသည်။ သတိရစပြုနေပြီဖြစ်ရာ သူ၏မျက်လုံးကို အားယူဖွင့်ကြည့်လိုက်၏။

အဘိုးအို၏လက်သည် နောက်သို့ တုံ့သွားရာမှ ဗွတ်ရှေ့သို့ လက်ကို ပြန်ဆန့်တန်းပြီးလျှင် မိန်းမပျိုလေး၏ ဆွဲကြိုးကို ဆုပ်ကိုင်ဖြုတ်ယူပြီး တစ်ခါတည်း ကျောခိုင်းကာ ပြေးခဲ့လေသည်။ သို့ရာတွင် အတော်ကလေး လှမ်းသွားသောအချိန်၌ အဘိုးအိုသည် မိန်းမပျိုလေးရှိရာသို့ ပြန်လှည့်ကြည့်မိသောအခါ...

မိန်းမပျိုလေးသည် လက်ကောက်များကိုပါ ချွတ်ကာ လက်ကမ်း၍ ပေးနေသည်ကို တွေ့ရသောကြောင့် ရုတ်တရက် ခြေလှမ်းတုံ့ကာ လှည့်ပြန်၍ လာခဲ့မိလေသည်။

အနားသို့ရောက်သောအချိန်၌ သနားဖွယ်ရာ မျက်နှာကလေးဖြင့် မိန်းမပျိုက...

"အဖေကြီး၊ သမီးကိုကယ်ပါ။ အဖြူ့ကို၊ သမီးကို တစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့"

အဘိုးအိုသည် အတန်ကြာ ငိုင်နေရာမှ အဖြူနှင့် မနီးမဝေးထိအောင် လာပြီး သူ့လက်ထဲမှ ဆွဲကြိုးကို အဖြူ့ဆီသို့ ပြန်၍ ပစ်ပေးလိုက်ပြီး နောက်လှည့် ထွက်သွားမည်အပြုတွင်...

"အဖေကြီး၊ သမီးမှာ အခု အားကိုးရာမရှိတော့ဘူး။ သမီးကလေးကို ပစ်မထားခဲ့ပါနဲ့၊ အဖြူ့ကို ပစ်မထားခဲ့ပါနဲ့..."

ဟု ပြောပြောဆိုဆို အဘိုးအိုဆီသို့ အတင်းတွား၍သွားကာ အဘိုးအို၏ခြေထောက်ကို ကိုင်ကာ ငိုကြွေးရင်း တောင်းပန်ရှာလေသည်။

အဘိုးအိုသည် အဖြူ့ကို ကြည့်ရင်း ပင့်သက်ချလိုက်လေသည်။ ထို့နောက် အတန်ကြာ စဉ်းစားပြီး ထိုင်လိုက်ရင်း...

"ခက်တာပဲ မိန်းကလေး... နင် ငါတို့နေရာ လိုက်လာတာထက်

mgyoe.com

mgyoe.com


ဒီမှာသေရတာက ပိုကောင်းလိမ့်မယ်ထင်တယ်..."

အဖြူသည် အဘိုးအို၏ခြေထောက်ကို ခေါင်းနှင့်ပွတ်ရင်း မျက်ရည်စက်လက်နှင့် အတင်းပြောလေသည်။

"အဖေကြီး မထားခဲ့ပါနဲ့... အဖေကြီးရယ်၊ သေတာနဲ့စာရင် ဘာဖြစ်ဖြစ် တော်သေးတာပေါ့။ အဖြူ ဒီမှာကြောက်တယ်၊ သိပ်ကြောက်တာပဲ၊ အဖြူ့ကို ခိုင်းချင်ရာခိုင်းပါ..."

ဟု ပြောပြောဆိုဆို လက်ထဲမှ လက်ဝတ်လက်စားများကို အဘိုးအိုအား အတင်းပေးလျက်ရှိလေသည်။

အဘိုးအိုသည် အတန်ကြာ မတုန်မလှုပ် ငေးနေပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ရင်း...

"ကဲ... သမီးပစ္စည်း သမီးပဲ ယူသွားပါတော့..."

ဟုပြော၍ လက်ကာလိုက်ရာ...

အဖြူသည် အဘိုးအို၏လက်ထဲသို့ သူ၏ လက်ဝတ်လက်စားများကို အတင်းထိုးသိပ်၍ ထည့်လျက် သူ့မိခင်ရှိရာကို အပြေးအလွှား သွားရောက်ကာ သူ့မိခင်၏ရင်ဘတ်ပေါ်တွင် မျက်နှာမှောက်လိုက်လေသည်။ ထို့နောက် မျက်ရည်အသွယ်သွယ်စီးကျသော မျက်လုံးနှင့် မိခင်၏မျက်နှာကို စိန်းစိန်းကြီး ကြည့်ရင်း စိတ်ကို ချုပ်တည်းလျက် တဘက်ကလေး တစ်ထည်ဖြင့် မိခင်၏ကိုယ်ကို ဖုံးလွှမ်းလိုက်လေသည်။

ထို့နောက် တဘက်စကို ကိုင်ရင်း မိခင်၏မျက်နှာကို ငြိမ်သက်၍ ကြည့်နေရာမှ မိခင်၏နဖူးကို ကုန်း၍ နမ်းလိုက်သည်။ အဖြူကို ငေးစိုက်ကြည့်နေရာမှ မျက်လွှာချလိုက်ကာ တစ်ဖက်သို့ လှည့်လိုက်လေသည်။ အဖြူသည် မိခင်၏နဖူးကို နမ်းရာမှ မျက်လုံးကို စုံမှိတ်ကာ မိခင်၏မျက်နှာကို တဘက်ကလေးဖြင့် ဆက်၍ ဖုံးလိုက်ပြီးလျှင် ချာခနဲလှည့်၍ ထွက်လာခဲ့လေသတည်း။

အဘိုးအိုသည် ဘာမှမပြောဘဲ အဖြူ၏လက်ကို ဆွဲကာ ထွက်၍လာခဲ့သည်။ အတန်ကလေး ခရီးရောက်အောင် ခပ်မှန်မှန်ကလေး လာခဲ့ကြရာ...

သေနတ်သံများ ပျောက်သွားမှ အေးအေးဆေးဆေး လျှောက်လာနိုင်ကြတော့သည်။

mgyoe.com

ထိုအချိန်၌ အဖြူတွင် အတော်မောဟိုက်လျက်ရှိရာ လဲပြိုတော့မည် ဖြစ်သဖြင့် မှတ်တိုင်ကလေးတစ်ခုကို အားပြု၍ လှမ်းကိုင်လိုက်ရရှာသည်။

ထိုမှတ်တိုင်ကား...

"တပ်ပေါင်းစု၏ စစ်နယ်မြေ၊ ဖြတ်သန်းဝင်ရောက်လာလျှင် သေနတ်ပစ်ခံရမည်"

ဟူသော ဆိုင်းဘုတ်ပင်ဖြစ်၏။ ထိုမှတ်တိုင်ကလေး၏ နယ်မြေ အတွင်းမှ လွတ်မြောက်လာသောအခါ အဘိုးအိုက...

"ကဲ... သမီး ကြိုးစားလိုက်ဦး၊ နည်းနည်းတော့ ဘေးကင်းလာပြီ..."

ဟု ပြောရင်း အဖြူအား ခေတ္တရပ်၍ စောင့်ပြီးလျှင် ဆက်လက်၍ ထွက်လာခဲ့လေသည်။ ထိုသို့ လာကြရင်း အဘိုးအိုသည် တောင်ကမူကလေး တစ်ခုပေါ်သို့ရောက်သောအခါ နောက်ကျနေသော အဖြူအား ရပ်၍ စောင့်နေရပြန်သည်။ အဖြူသည် အဘိုးအိုရှိရာသို့ ရောက်လျှင်ရောက်ချင်း ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ထို့နောက် အတော်မောဟိုက်သော အသံနှင့်...

"အတော်ဝေးသေးသလား အဖေကြီး..."

"အေး... ငါ့သမီးဆိုရင်တော့ တစ်ညအိပ်ကျော်ကျော်လောက် သွားရမှာပဲ"

အဖြူသည် စိတ်အားလျှော့စွာနှင့် လှဲ၍ အိပ်လိုက်သည်။ အဘိုးအို သည် အဖြူကို ကြင်နာစွာ ကြည့်နေရာမှ...

"သိပ်မဝေးပါဘူးကွဲ့၊ ဟော ဟိုက တောညို့ညို့အစပ်ထဲမှာပဲ"

အဖြူသည် လူးလဲ၍ ထကာ အဘိုးအို၏လက်ကို အားပြုပြီးလျှင် ဒူးထောက်၍ လှမ်းမျှော်ကြည့်လိုက်သည်။ အအုပ်လိုက် အအုပ်လိုက်၊ အထပ်လိုက် အထပ်လိုက်ရှိကြသော တောများသည် မြူတွေဆိုင်းလျက် ဝေနေကြသည်။ အဖြူသည် အတန်ကြာငေး၍ ကြည့်နေပြီးမှ အဘိုးအိုအား မော့ကြည့်လျက်...

"အဖေကြီးတို့နေရာက တော်တော်ဆိုးသလား..."

အဘိုးအိုသည် မျက်နှာပျက်သွားပြီး အဖြူ့ကို ကြင်နာစွာ တစ်ချက် ကြည့်လိုက်ပြီးနောက်...

mgyoe.com

mgyoe.com

"အေး... နည်းနည်းတော့ ဆိုးတာပဲ"

အဖြူသည် ထိုနေရာဆီသို့ လှမ်းမျှော်ကြည့်လိုက်ပြီးနောက် အဘိုးအို အား ဆက်၍ မေးလိုက်ပြန်သည်။

"ဒါဖြင့်... အဖေကြီးတို့ ဘာလို့ တခြားကို မပြောင်းတာလဲ..."

"လာ... လာ... အဘ ပြမယ်"

အဖြူသည် နေရာမှ ထလျက် အဘိုးအိုအနီးသို့ သွားလေသည်။

"ကြည့်... ဟော ဟိုက မြူတွေဆိုင်းနေတဲ့ ပတ်ပတ်လည် နေရာတွေ အကုန်လုံးဟာ သူပုန်နယ်တွေပဲ"

အဖြူသည် အဘိုးအိုပြသမျှတို့ကို လိုက်ကြည့်ရင်း နားထောင်လျက် ရှိလေသည်။

မြင်ရသောနေရာ တောတောင်ဒေသတို့မှာ စိမ်းလန်းစိုပြည်လျက် အလွန်ကြည်နူးသာယာဖွယ် ကောင်းလှပေသည်။

"ဟောဒီ အရှေ့ဘက်တစ်ဝိုက်ကတော့ ကွန်မြူနစ်သူပုန်တွေ နေကြ တယ်။ ဒီ အနောက်ဘက်ကတော့ ရဲဘော်ဖြူတွေပေါ့။ ဒီမြောက်ဘက် ကတော့ အလံနီတချို့နဲ့ တောခိုတပ်ရင်း၊ ဟောဒီ တောင်ဘက်တစ်လျှောက် ကတော့ ကရင်သူပုန်တွေ ကလေးရဲ့..."

"အဲဒီနယ်တွေ အားလုံးဟာ အဘတို့နေရာက လွဲပြီး အကုန်လုံးလိုပဲ ခဏခဏ တိုက်ပွဲတွေ ဖြစ်ကြတယ်ကွဲ့။ အစိုးရက လာတိုက်လိုက်၊ သူပုန်အချင်းချင်း မတည့်လို့ တိုက်လိုက်နဲ့၊ သေကြတော့ ရွာသားတွေချည်း ပဲ၊ မီးအလောင်ခံရတော့ လယ်သမားတွေအိမ်ချည်းပဲ..."

အဖြူသည် အဘိုးအို၏မျက်နှာကို မော့ကြည့်နေလေသည်။ အဘိုးအိုသည် အဖြူ့ကို လုံးလုံးမကြည့်ဘဲ အရှေ့ကို ငေးမျှော်ရင်း ပြော လျက် ရှိသည်။

"ဒါကြောင့် အဲဒီရွာတွေ ပျက်စီးရင် အဘတို့ဆီ လူတွေ စုရောက်လာ ကြတာပဲ၊ အဘတို့နေရာတော့ အစိုးရလောက်ပဲ ကြောက်ရတယ်၊ အချင်း ချင်း လာတိုက်မှာကို မကြောက်ရဘူး၊ အစိုးရကလာတိုက်လည်း အဘ တို့ ဘေးပတ်လည်က သူပုန်တစ်ဖွဲ့ဖွဲ့ကို အပြုတ်တိုက်ပြီးမှ အဘတို့ဆီ လာလို့ရမှာပဲ"

mgyoe.com

mgyoe.com


"အဖေကြီးတို့ဆီကို သူပုန်အချင်းချင်း ဘာလို့ လာမတိုက်ကြတာလဲ"

"မတိုက်ကြဘူး သမီးရဲ့၊ အဖေကြီးတို့ဆီမှာ ဒီသူပုန်တွေအကုန်လုံး လာလာကစားကြတယ်။ ကျည်ဆန်အရောင်းအဝယ်လုပ်၊ အချင်းချင်းမတည့်ပေမဲ့ အဖေကြီးတို့နယ်အတွင်းမှာ ဘာမှမလုပ်ကြရဘူး၊ လုပ်ရင် ဆရာကျော့ဝေက မခံဘူး၊ ဆရာကျော့ဝေက အဖေကြီးတို့နယ်အတွင်းမှာတော့ အာဏာရှင်ပဲ"

"ဆရာကျော့ဝေဆိုတာ ဘယ်သူလဲ အဖေကြီး"

"သူက အဖေကြီးတို့နယ်ကို အုပ်ချုပ်တဲ့သူပဲ၊ လူငယ်ငယ် ခပ်ချောချောရယ်၊ သူက နိုင်ငံရေးသမားလည်း မဟုတ်ဘူး၊ တော်လှန်ရေးသမားလည်း မဟုတ်ဘူး၊ ဓားပြသက်သက်ပဲ။ ဒါပေမဲ့ နိုင်ငံရေးသမားတွေကိုသူက အထင်မကြီးဘူး။ တစ်ခါတလေ နိုင်ငံရေးသမားတွေမသိတဲ့ နိုင်ငံရေးအယူ အဆတွေကိုတောင် သူက ရှင်းရှင်းပြတတ်သေးတယ်ကွဲ့။ ကဲ... သွားလိုက်ကြဦးစို့"

အဖြူသည် အဘိုးအိုနောက်မှ ငြိမ်သက်စွာ လိုက်ပါ၍ သွားလေသည်။ အတန်ကြာသောအခါ အဘိုးအိုအား မောသံနှင့် မေးလိုက်ပြန်လေသည်။

"ဒါနဲ့ အဖေကြီးတို့နေရာက သိပ်ဆိုးတယ်ဆို"

အဘိုးအိုသည် အတန်ကြာ တိတ်ဆိတ်လျက် ရှိသည်။ ထို့နောက်မှ...

"အေး... ဆိုးတယ်၊ ကျော့ဝေဆိုတဲ့လူက အဆိုးဆုံးပဲ။ သူ့မှာ ဘုရားတို့၊ ဘာတို့ဆိုတာလည်း မရှိဘူး။ အင်မတန် ရိုင်းစိုင်းတဲ့အကောင်၊ သူလုပ်ထားတာပေါ့။ အဖေကြီးတို့နေရာမှာ ဥပဒေ မရှိဘူး၊ နိုင်တဲ့လူရဲ့အဆုံးအဖြတ်ဟာ ဥပဒေပဲ"

အဖြူသည် အဘိုးအို၏မျက်နှာကို လှမ်းကြည့်ကာ ငြိမ်သက်၍ လိုက်ပါလာလေသည်။ အဘိုးအိုက ဆက်လက်၍ ပြောပြလျက် ရှိ၏။

"အဲဒီဆရာကျော့ဝေဆိုတဲ့ လူကိုယ်တိုင်က ရှုံးတဲ့လူဟာ အပြစ်ကျူးလွန်တဲ့လူချည်းပဲတဲ့။ တရားတယ်ဆိုတဲ့စကားဟာ နိုင်တဲ့လူတိုင်းမှာ

mgyoe.com

mgyoe.com


ပိုင်ဆိုင်တဲ့အရာဝတ္ထုတဲ့၊ လောကမှာ တရားမှုဆိုတာ ဘယ်မှာမှ ပုံသေရှာလို့ မတွေ့နိုင်သေးဘူးတဲ့။ ပြီးတော့ လူတွေဟာ လူရယ်လို့ဖြစ်ပြီး ကြီးပွားလာကြတာဟာ အမြဲတမ်း တိုက်နေကြလို့တဲ့။ ရာသီဥတုနဲ့တိုက်လိုက်၊ တိရစ္ဆာန်တွေနဲ့ တိုက်လိုက်၊ အဲဒီလိုတိုက်တိုင်း နိုင်လာကြလို့ လူရယ်လို့ ဖြစ်လာကြ တာပဲတဲ့။ ဒါကြောင့် နိုင်အောင် မတိုက်နိုင်သူမှန်သမျှ လူမပီသဘူး။ လူပီသချင်ရင် အကုန်လုံးကို အနိုင်ယူရမယ်တဲ့။ ပြီးတော့ အမြဲတမ်းလည်း ဆက်ပြီး တိုက်နေကြရမယ်တဲ့"

အဖြူသည် အတန်ကြာ ငြိမ်သက်၍ ပါလာပြီး ရုတ်တရက် ရပ်လိုက်သည်။ ထို့နောက် တုန်လှုပ်စွာဖြင့် မေးလိုက်သည်။

"ဒါဖြင့် အဖေကြီးတို့နေရာမှာ အမြဲတမ်း တစ်ယောက်နဲ့တစ်ယောက် အနိုင်ကျင့်နေရတာပေါ့"

အဘိုးအိုသည် အဖြူကို ကြင်နာစွာကြည့်၍ ခေါင်းညိတ်လိုက်သည်။ အဖြူသည် စိတ်ပျက်စွာနှင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ထို့နောက် မျက်ရည်ဝိုင်းသော မျက်လုံးများနှင့် အဘိုးအိုကို လှမ်းမျှော်ကြည့်ရင်း...

"ဒါဖြင့် အဖြူတို့သားအဖ အစိုးရနယ်ထဲရောက်အောင် အခုဖြတ်ပြေးကြပါစို့လား အဖေကြီးရယ်"

အဘိုးအိုသည် ဒူးထောက်လျက် အဖြူ့ခေါင်းကို ညင်သာစွာ ပွတ်သပ်ပေးနေရာမှ မျက်နှာကို တခြားဘက်သို့လှည့်လိုက်ကာ ပြောလိုက်သည်။

"အဖေကြီးကြိုးစားတာ များလှပြီသမီးရယ်။ သူ့နယ်က လွတ်ဦး၊ ဒီပြင် နယ်ရောက်လို့ ခရီးသွားလက်မှတ်မပါရင် အသတ်ခံကြရမှာပဲ။ ဆိုင်ရာနယ်ကို အုပ်ချုပ်တဲ့လူဆီက ခရီးသွားလက်မှတ်ပါမှ ဒီနယ်တွေမှာ ခရီးသွားလို့ ရတယ်ကွဲ့။ အဲဒီလက်မှတ်ကိုလည်း သူပုန်တွေက ကုန်သည်တွေကိုသာ ထုတ်ပေးတယ်၊ အလွတ်ဆိုရင် ဘယ်သူ့မှ ထုတ်မပေးဘူး"

အဖြူသည် ကျုံ့ကျုံ့ကလေးထိုင်ရင်း အဘိုးအို၏မျက်နှာကို မော့ကြည့်ကာ.....

"ဒါဖြင့် ဘယ်လိုလုပ်မလဲ အဖေကြီးရယ်"

အဘိုးအိုသည် အတန်ကြာ ငိုင်နေရာမှ အားတက်သရောဖြင့်...

mgyoe.com

mgyoe.com


"သမီးမှာ ရွှေတွေပါသေးသားပဲ။ အဲဒီရွှေတွေ ပေးပြီး ဟိုမှာရှိတဲ့ ကုန်သည် ဦးဆိုးကြီးနဲ့ တိုင်ပင်ကြသေးတာပေါ့။ သမီးနဲ့ အဖေကြီးနဲ့ အစိုးရ နယ်ထဲရောက်အောင် သူ့ကုန်ကားနဲ့ လိုက်နိုင်ရင် လိုက်နိုင်ဦးမှာ"

ဟု ပြောပြောဆိုဆို အဖြူ၏လက်ကို ဆွဲ၍ ဖြည်းညင်းစွာ ထလိုက်လေသည်။

*

ကြုံလှီပိန်ချုံးသော်လည်း ကိုယ်လုံးကိုယ်ထည်ကို ကြည့်ခြင်းအားဖြင့် အသားရေတက်ကြွတုန်း အပျိုပေါက်ကလေးအရွယ်ဖြစ်ကြောင်းကို သိသာနိုင်သည်။ သူ၏ဆံပင်သည် ခေတ်မဆန်ပါဘဲနှင့် ပြောင်းဖူးမွေးကဲ့သို့ ရှုပ်ထွေးလိမ်ခြောက်လျက် နီကြောင်ကြောင်အရောင်နှင့် လေထဲလွင့်ကာ နေစား၍ ညိုမောင်းသော သူ၏ ပါးပြင်တွင် ရိုက်ခတ်လျက် ရှိသည်။ သူမသည် စုတ်ပြတ်၍ သူနှင့်မတော်သော သူ့ထက် အတော်ပင်ကြီးသည့် ယောကျ်ားဝတ် ရှပ်အင်္ကျီတစ်ထည်ကို ဝတ်ထားလျက် ဘာအရောင် ဘာအဆင်မှန်း မသိတော့သည့် အနားစုတ်ပြတ်နေသော လုံချည်တစ်ထည်ကို ခပ်တင်းတင်း ခပ်တိုတို ဝတ်၍ထားလေသည်။

ဤအဆင်မပြေသော မိန်းမငယ်သည် တစ်ခုသော ကုန်းမြင့်ပေါ်ရှိ အရွက်မရှိသည့် သစ်ပင်ခြောက်ကလေးတစ်ခုကို မှီ၍ ရပ်နေရာမှ စွန်၏ ငြိမ်သက်သော မျက်လုံးမျိုးဖြင့် သူ၏ဝန်းကျင်ကို ငြိမ်သက်စွာ လှည့်၍ ကြည့်လိုက်သည်။ သူ၏မျက်နှာသည် တစ်စုံတစ်ခုကို အမြဲတမ်း စိတ်နာကြည်းနေသကဲ့သို့ ရှိလေသည်။ သူသည် ကုန်းမြင့်ပေါ်မှ ခပ်ဖြည်းဖြည်း ဆင်းလာကာ ဘေးပတ်ဝန်းကျင်ကို တစ်ချက်မျှ လှည့်ပတ်၍ မျက်စိကစား လိုက်ပြီး ပင့်သက်ချလိုက်လေသည်။

သူ၏ ဘေးတစ်ဖက်တစ်ချက်၌ အလွန်ညှိုးညိုးမှိန်မှိန် ပိန်ပိန်ညှော် ညှော်နှင့်နေကြသော အဘွားအိုကြီးများ၊ ဗိုက်ပူနံကားနှင့် ကလေးငယ် ကလေးများ၊ အစာရေစာငတ်သဖြင့် အရိုးနှင့် ငေါငေါထွက်နေကြသော မိန်းမများ စသည်တို့သည် မိမိတို့အသိုက်အအုံကလေးများကို ဆောက် လုပ်ကြကာ ဟိုတစ်စုသည်တစ်စုနှင့် ရှိနေကြသည်။ မိန်းမငယ်သည်

mgyoe.com

mgyoe.com


ပြိတ္တာရှာနှင့်တူသော တစ်မျှော်တစ်ခေါ်ကြီးရှိနေကြသည့် လှုပ်လှုပ်ရွရွ လူများကို ကျော်လွန်ကာ အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သည်။

အဝေးတွင် လူတစ်အုပ် စုရုံးစုရုံးနှင့် ဝိုင်းအုံ တိုးဝှေ့နေကြသည်။ မိန်းမငယ်သည် ခေတ္တမျှ တွေဝေစဉ်းစားပြီးမှ ခပ်မှန်မှန် လျှောက်လာခဲ့လေသည်။ လူဝကြီးတစ်ယောက်သည် ထမင်းကျန် ဟင်းကျန်များကို သွန်ပစ်ရန် ပြုလုပ်နေသည်၊ ထမင်းကျန် ဟင်းကျန်များကို လုယူတောင်းယူကြမည့် လူများကလည်း အတင်းတိုးဝှေ့လျက် ရှိလေသည်။ ထိုလူအုပ်ကြီးကို လက်နက်ကိုင် နှစ်ယောက်တို့က သေနတ်များဖြင့် ခြိမ်းခြောက်ပစ်ခတ်လျက် စောင့်ထိန်းနေကြရလေသည်။

လူဝကြီးသည် ဝိုင်းအုံနေသော လူအုပ်ကြီးထဲမှ မိန်းမတွေကို အလျင်ခေါ်ယူကာ ထမင်းကျန် ဟင်းကျန်များကို ပေးရင်း ဖင်ကိုင်ခေါင်းကိုင် လုပ်လိုက်သေးသည်။ လက်နက်ကိုင် အစောင့်နှစ်ယောက်ကလည်း လူဝကြီးဆီမှ ဝေစုများကို ယူကြကာ မိမိတို့ကြိုက်နှစ်သက်ရာများကို ခေါ်၍ အပေးအယူ လုပ်ကြလေသည်။

သို့နှင့်ပင် မိန်းမတွေကိုယ်တိုင်က အလုအယက် အကိုင်အတွယ်ခံ၍ ယူကြ၊ လုကြလေသည်။

မိန်းမငယ်သည် လူအုပ်ကြီး၏ကြားထဲသို့ ရောက်ရှိနေရာမှ စက်ဆုပ်စွာ လှည့်လည်ကြည့်မိသည်။ ထို့နောက် စိတ်ပျက်စွာနှင့် ရှောင်ထွက်၍ လာခဲ့ရာ တစ်ဖက်ဘေးတွင် ရိက္ခာတွေထားသောနေရာ၌ လူကြီးသုံးယောက်ခန့်တို့သည် ရိက္ခာတွေကို ထုတ်ယူလျက် ရှိကြလေသည်။ လူအုပ်ကြီးထဲတွင် မတိုးနိုင်သော ကလေးငယ်တစ်ယောက်သည် ထိုလူကြီးများ၏ အနီး၌ ငြိမ်သက်စွာ ငေးမျှော်လျက် ရှိလေသည်။ မိန်းမငယ်သည် ချာခနဲလှည့်ကာ ရည်ရွယ်ချက်မရှိသော ခြေလှမ်းဖြင့် တစ်လှမ်းချင်း လျှောက်၍ လာခဲ့လေသည်။

မိန်းမငယ်သည် ရုတ်တရက် ကြည့်လိုက်၏။ စီစီညံညံ အသံများနှင့်အတူ ကလေးငယ်သည် တစ်စုံတစ်ခုကို ကိုင်ဆောင်ကာ တစ်ရှိန်ထိုးပြေး၍ လာခဲ့လေသည်။ နီးရာလူများသည် ကလေးငယ်ကို ဆီးကြို၍ ဖမ်းကြ၏။ မမိကြပေ။ မိန်းမပျိုကလေးသည် ဆည်ဝမှ ဗျိုင်းစောင့်သကဲ့သို့ စောင့်

mgyoe.com

mgyoe.com


နေလေသည်။ ကလေးငယ်သည် မိန်းမပျိုကို အတင်းဝင်တိုးရာ နှစ်ယောက် လွင့်စဉ်လျက် လိမ့်ကာသွားလေသည်။ မိန်းမငယ်သည် ကလေးငယ် လက်ထဲမှ ပစ္စည်းကို လုယူကာ ထပြေးမည်ပြုလျှင် ကလေးငယ်က အသက်မရှူဘဲ ဒရောသောကော ထ၍ ပြန်လုလေသည်။

သို့နှင့် နှစ်ယောက်သား လုံးထွေးနေကြစဉ် လူကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက် နောက်မှ အပြေးရောက်လာကြလေသည်။ လူကြီး သည် ကလေးငယ်၏ ကုပ်ကို ဆွဲကာ မ ယူလိုက်လေသည်။ မိန်းမပျိုသည် သူ၏လက်ထဲ၌ရှိသော အရာကို ကျောအောက်တွင် ဖိလျက် တုန်လှုပ်စွာ ကြည့်နေလေသည်။ လူကြီး၏နောက်မှ ပါလာသော မိန်းမကြီးသည်လည်း ကိုယ်ရှိန်သတ်ကာ ရပ်လျက် ရှိလေသည်။ လူကြီးက ကလေးငယ်အား မေးလိုက်၏။

"ဘယ်မလဲ ငါ့ဟာ..."

ကလေးငယ်သည် ကြောက်လန့်တုန်လှုပ်စွာနှင့် ဘာမျှမပြောနိုင် ဘဲ ရှိစဉ်...

"ကဲ... ကြာတယ်ကွာ..."

ဟု ပြောလျက် လေထဲတွင် ပင့်မြှောက်လျက် အချက်ပေါင်းများစွာ ရိုက်နှက်ပြီး မြေပြင်သို့ ပစ်ချကာ ထွက်သွားလေသတည်း။

ဒဏ်ရာများနှင့် မြော့မြော့ကလေးမျှ ကျန်ရှိရစ်သော ကလေးငယ်၏ အနားသို့ စောစောက မိန်းမကြီးသည် စူးစမ်းရှာဖွေသောမျက်လုံးနှင့် ရောက်ရှိလာရာမှ ကလေးငယ်အား ဆွဲယူလိုက်လေသည်။ ထို့နောက် ဘေးပတ်လည်သို့ကြည့်နေစဉ် ကလေးငယ်သည် သတိရလာသောမျက်လုံး ကို ဖွင့်လျက် "အမေ" ဟု တစ်ခွန်းခေါ်လိုက်၏။

မိန်းမကြီးသည် ဘာမျှမတုန်လှုပ်ဘဲ...

"နင့်ဟာကော..."

ဟု လေသံပြတ်နှင့် မေးလိုက်သေးသည်။ ကလေးငယ်သည် ဘာမျှ ပြန်မပြောနိုင်ဘဲ မိန်းမကြီး၏မျက်နှာကို စူးစိုက်ကြည့်ရင်း မျက်ရည်တွေ ဝိုင်းလာ၏။

သူ၏ မျက်လုံးထဲတွင် တစ်ခါတုန်းက သူ့အမေသည် သူနှင့်တကွ

mgyoe.com

mgyoe.com


တခြားသော သမီးများကိုပါ စားစရာများ ဝေပေးရင်း နင်တို့ နောက်ခိုးရင် သတိနှင့် ခိုးကြနော်၊ နင်တို့အစ်ကို ထွန်းမောင်တော့ မိသွားလို့ သေပြီဟု ပြောသောအခါ သူနှင့်တကွ တခြားကလေးများက ဘာမျှမတုန်လှုပ်ဘဲ စားစရာကိုသာ အလုအယက် စားနေကြစဉ် သူ၏အစ်မ အပျိုဖြန်းကလေး တစ်ယောက်က သူ့အမေအား...

"အမေ့ကြောင့် ထွန်းမောင် သေရတာ၊ မွေးထုတ်တဲ့ အမေတဲ့တော်... သားသမီးတွေကို ရိုက်နှက်ပြီး အခိုးခိုင်းသတဲ့တော့"

ဟု ရန်တွေ့နေစဉ် သူ့အမေသည် သမီးဖြစ်သူအား လက်ဝါးနှင့် မျက်နှာကို ပိတ်ရိုက်လိုက်၏။

"ဟဲ့... ယသော်မ၊ ငါ ဒီလိုခိုင်းနေလို့ နင် ခုဘဝအထိ ဖာ မဖြစ်သေးတာ မဟုတ်လား။ အစားတစ်လုတ်ကြောင့် လူတိုင်း ဖာလုပ်နေကြတာ နင့်မျက်စိရှေ့မှာ မဟုတ်လား။ ဟင်း... ပြီးတော့ ငါခိုင်းလို့ ရတာတွေကိုပဲ နင် အပင်းဆို့နေတယ် မဟုတ်လား ဟဲ့..."

ဟု ပြောနေပုံများကို ကလေးငယ်၏ မျက်စိထဲတွင် မြင်ယောင်လာကာ မျက်ရည်တစ်ပေါက်သည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းသွားလေသည်။ ကလေးငယ်ကို အတင်းလှုပ်၍ ထပ်မေးလိုက်သည်။

"ဟဲ့... နင့်ဟာကော"

ကလေးငယ်သည် မကျေနပ်သောမျက်နှာဖြင့် သူ့အမေကို စူးစိုက်ကြည့်လိုက်ရာမှ သူ၏လက်ကို အားယူ၍ ဆန့်တန်းကာ မိန်းမပျိုလေးဆီသို့ ညွှန်ပြရင်း ရုတ်တရက် အရုပ်ကြိုးပြတ်သကဲ့သို့ ခွေကျသွားလေသတည်း။

မိန်းမကြီးသည် ကလေးငယ်အား ခဏတာမျှ တွေစိုက်၍ ကြည့်နေပြီးနောက် ပစ်ချခဲ့သော မိန်းမပျိုအား ခုန်၍အုပ်လိုက်သည်။ မိန်းမငယ်၏ ရင်ဘတ်ပေါ်မှ ခွစီးကာ...

"ဘယ်မလဲ ငါ့သားဟာ"

ဟု အော်လိုက်ရာ မိန်းမပျိုသည် ကြောင်၍ ကြည့်နေရာမှ ကျောကုန်း အောက်၌ ဖိထားသောအရာကို ဆွဲထုတ်၍ ပေးလိုက်သည်။

မိန်းမကြီးသည် မိမိ၏မျက်နှာရှေ့နား၌ ရောက်၍လာသော ငါးခြောက်ပြားကို ဆတ်ခနဲ ဆွဲလုလိုက်ကာ မိန်းမငယ်အား ခပ်ပြင်းပြင်း

mgyoe.com

mgyoe.com


လက်ပြန်တစ်ချက် ရိုက်လိုက်ပြီးလျှင် ထွက်လာခဲ့လေသည်။

မိန်းမပျိုသည် ထွက်သွားသော မိန်းမကြီးအား မတုန်မလှုပ်သော မျက်နှာဖြင့် နေရာမှ မရွေ့ဘဲ ကျန်ရစ်ခဲ့၏။ မိန်းမကြီးသည် ငါးခြောက်ပြား ကို ဝှက်လျက် ခပ်သုတ်သုတ် ထွက်၍လာရာ လူကြီးသည် မိန်းမကြီးကို စူးစိုက်၍ ကြည့်နေရာမှ ဆတ်ခနဲ ဆွဲလုလိုက်လေသည်။

မိန်းမကြီးသည် လူကြီး၏မျက်နှာကို ကုတ်ဖဲ့ရင်း ဆောင့်တွန်း၍ ထွက်သွားသော်လည်း လူကြီး၏လက်ထဲတွင် ငါးခြောက်တစ်မြှောင်းပဲ့၍ ကျန်ရစ်ခဲ့ပါသည်။ ဤအလွန်ပိန်သော လူကြီးသည် မိမိ၏မျက်နှာ၌ ပွန်းပဲ့ နေသော ဒဏ်ရာဒဏ်ချက်များကို လုံးဝဂရုမစိုက်ဘဲ လက်ထဲ၌ရှိသော ငါးခြောက်တစ်မြှောင်းကိုသာ ကမန်းကတန်း ဟိုဟိုဒီဒီကြည့်ရင်း အတင်း ဝါးမျိုနေလေသည်။

မိန်းမပျိုသည် တံတွေးကို မျိုချရင်း တစ်ဖက်သို့ လှိမ့်ကာ မျက်နှာ ကို မှောက်လိုက်၏။

ထို့နောက် ခေါင်းဖော်၍ မော့ကြည့်လိုက်သောအခါ မိမိ၏ရှေ့နား တွင် ကပ်လျက်ရပ်နေသော ခြေထောက်နှစ်စုံကို တွေ့နေရလေသည်။ မိန်းမပျိုသည် မျက်နှာကို လှမ်းကြည့်လိုက်၏။ လူကြီးနှစ်ယောက်သည် စက်ဆုပ်ဖွယ် မျက်နှာထားမျိုးဖြင့် မိမိအား ငုံ့ကြည့်နေသည်ကို တွေ့ရသည်။

မိန်းမပျိုသည် ထိုလူများကို လုံးဝဂရုမစိုက်ဘဲ သူ့ဟာသူ ထ၍ ထွက်သွားမည်ပြုရာ လူကြီးတစ်ယောက်က ရှေ့မှပိတ်၍ ရပ်လိုက်သည်။ နောက်တစ်ကြိမ် ဘေးသို့ရှောင်၍ သွားမည်ပြုသောအခါ နောက်တစ်ကြိမ် ရှေ့မှကာလျက် ရပ်လိုက်သောကြောင့် တစ်ချက်မျှ မျှော်ကြည့်လိုက်ပြီးလျှင် ထိုလူ၏အင်္ကျီစကိုဆွဲလျက် မေးရိုးကို ခေါင်းနှင့်ဆတ်၍ ရိုက်လေ သတည်း။

ထိုလူသည် ရုတ်တရက် လဲ၍သွားသော်လည်း ကျန်လူကြီး တစ်ယောက်သည် မိန်းမငယ်၏လက်ကို နောက်မှ သိမ်းချုပ်လျက် နှစ်ယောက်စလုံးက အတင်းအကျပ် ဆွဲခေါ်သွားကြသဖြင့် မိန်းမပျိုမှာ ရုန်းကန်အော်ဟစ်ရင်း လိုက်ပါသွားရရှာလေသတည်း။

❒

mgyoe.com

mgyoe.com

# အခန်း ( ၃ )

ငှက်များ အိပ်တန်းတက်ရန် ကောင်းကင်ယံတွင် တစ်အုပ်ပြီးတစ်အုပ် ပျံသန်းလာကြသောအချိန်ပင် ဖြစ်လေသည်။ ရေထဲ၌ ရိုက်ခတ်နေသော တိမ်တောင်၏အရောင်သည်လည်း တဖြည်းဖြည်း အားလျော့စပြုလာလေပြီ။ ကြည်လင်သောရေပြင်တွင် အမှိုက်စကလေးများ ကျလာကာ တောက်ပသော လှိုင်းလုံးကလေးများသည် အရစ်လိုက် အရစ်လိုက် ပြန့်၍ ပြန့်၍ သွားကြလေသည်။

ယောကျ်ားပျိုတစ်ယောက်သည် ကုန်းစောင်းတွင် ငြိမ်သက်စွာ ထိုင်လျက် ငေးစိုက်၍ ကြည့်ရင်း ရေထဲသို့ တုတ်စကလေးများကို ချိုးယူပစ်ချလျက် ရှိလေသည်။ တုတ်စကလေးများ ကုန်သွားသောအခါ လူငယ်သည် ပင့်သက်ကို မှုတ်ထုတ်လိုက်ပြီးလျှင် ရုတ်တရက် နေရာမှ ထလျက် မှိုင်းနေသော ပတ်ဝန်းကျင်ကို တည်ငြိမ်စွာ လှည့်ပတ်ကြည့်လိုက်သည်။ အတော်ဝေးသော နေရာရှိ ကုန်းမြင့်ကလေးပေါ်၌ တစ်ခုတည်းသော မီးရောင်သည် ဖျော့တော့မှေးမှိန်စွာနှင့် လင်းလျက် ရှိလေသည်။ ကုန်းမြင့်ကလေးရှေ့ရှိ ကျယ်ပြန့်သော ကွင်းပြင်ကြီးထဲတွင် နေ့လယ်က တွေ့မြင်ခဲ့ရသော ငတ်ပြတ်နေကြသည့် အိုးခြေ အိမ်ခြေမဲ့များသည် ကြယ်ရောင်ကလေးများကို အားပြုကာ မိုးမိုးမည်းမည်းနှင့် လှုပ်ရှားနေကြသည်။

လူငယ်သည် တိတ်ဆိတ်ငြိမ်သက်စွာ လေးလံသော ခြေလှမ်းနှင့်

mgyoe.com

ထိုလူများကြားမှ တစ်လှမ်းချင်း လျှောက်၍လာခဲ့သည်။ တချို့နေရာများတွင် လူတွေ အစုလိုက်၊ အစုလိုက် ဝိုင်းဖွဲ့ကာ စကားပြောနေကြသည်။ တချို့နေရာ၌ ကလေးငယ်များ၏ ဆာလောင်ငိုကြွေးသံတို့ကို ကြားနေကြရသည်။ တစ်နေရာတွင် လူတစ်ယောက်သည် ကောင်းကင်ကို မော့ကြည့်ရင်း ကြေကွဲဖွယ်သော သီချင်းတစ်ပုဒ်ကို ခပ်ညည်းညည်း သီဆိုလျက် ရှိလေသည်။

လူငယ်သည် ထိုအစုအဝေးကို ကျော်ဖြတ်၍ ကုန်းမြင့်ပေါ်ရှိ တဲကလေးဆီသို့ တက်၍လာခဲ့သည်။ တဲဝတွင် အဘိုးကြီးတစ်ယောက်က လှမ်း၍ နှုတ်ဆက်ရင်း...

"ဘမင်းရေ... ဟိုအထဲမှာ စိတ်မချမ်းမြေ့စရာ ဇာတ်ကွက်ကလေး တစ်ကွက်တော့ ဖြစ်နေပြန်ပြီကွ..."

ဟု ပြောလိုက်လေသည်။

"ဘယ်လိုလဲ ဘကြီးဆိုး၊ ဒီအရပ်မှာ ထူးပြီးတော့ စိတ်မချမ်းမြေ့စရာများ ဖြစ်နေတတ်သေးသလား..."

ဘကြီးဆိုးဆိုသူ အဘိုးကြီးသည် တစ်စုံတစ်ခုကို ပြန်ပြောမည်ပြုနေစဉ် အတွင်းမှ လူတစ်ယောက်က တံခါးကို လာဖွင့်ပေးလိုက်သဖြင့် နှစ်ယောက်စလုံး အထဲသို့ ဝင်သွားကြလေသတည်း။

တဲအတွင်း၌ ယောကျ်ားကြီးတစ်စုသည် ရေတွေစိုရွှဲလျက် ကြမ်းပြင်ပေါ်တွင် လဲနေသော မိန်းမငယ်တစ်ယောက်ကို ဝိုင်းအုံကြည့်နေကြသည်။ ထိုမိန်းမငယ်ကား ညနေခင်းက လူနှစ်ယောက် ဆွဲခေါ်သွားခြင်းခံရသော မိန်းမငယ်ပင် ဖြစ်လေသည်။ ဝိုင်းအုံကြည့်နေကြသည့်အထဲမှ လူတစ်ယောက်သည် ဝင်လာသော ဘမင်းကို လှမ်းမြင်ကာ...။

"ဟာ... ဘမင်း၊ မင်း ပွဲတော်ကြီး လွတ်သွားတာကိုးကွ။ နည်းနည်းနောက်ကျသွားတယ်..."

ဟု ပြောလိုက်ရာ ကျန်လူများကပါ ဘမင်းအား လှည့်၍ ကြည့်လိုက်ကြလေသည်။ ဘမင်းသည် လူအုပ်ထဲသို့ ဝင်သွားကာ လဲနေသော မိန်းကလေးကို တစ်ချက်မျှ ကြည့်လိုက်ပြီးနောက် ဝိုင်းနေသောလူများကို ဂရုတစိုက် လှည့်ပတ်၍ ကြည့်လိုက်သည်။ ထို့နောက် မနီးမဝေးတွင်

mgyoe.com

mgyoe.com


သီးခြား၍ အရက်သောက်လျက်ရှိသော လူတစ်ယောက်ကိုလည်း လှမ်းမျှော်၍ ကြည့်လိုက်သည်။ ထိုသူသည် အရက်ခွက်ကို ကိုင်လျက် မထိတရိမျက်နှာနှင့် ဘမင်းအား ခပ်လှောင်လှောင် ပြန်၍ ကြည့်လျက်ရှိသည်။

ထိုအချိန် လူကြီးတစ်ယောက်သည် ကြီးမားသော သံပုံးကြီးနှစ်ပုံးနှင့် ရေအပြည့် ဆွဲယူလာပြီးလျှင် မိန်းမငယ်အနီး၌ ချလိုက်လေသည်။ ထိုလူကြီးသည် အင်္ကျီလက်မောင်းကို ဟန်နှင့်ပန်နှင့် လိပ်တင်လိုက်ကာ...။

"ပန်းပွင့်ကလေးများတော့ ကိုင်လွန်းလို့ နွမ်းသွားရင် ရေစိမ်ပေးရတယ်၊ ကောင်မလေးတွေလည်း..."

ဟု ပြောပြောဆိုဆိုနှင့် တဟားဟား ရယ်လိုက်ပြီးလျှင် သံပုံးတစ်ပုံးကို မယူကာ တအားကျုံး၍ ပက်လျက်ရှိလေသည်။

ရေနှင့် ပက်လိုက်တိုင်း၊ ပက်လိုက်တိုင်း မိန်းမငယ်၏ အဝတ်သည် စုတ်ပြတ်လန်တက်၍ သွားလေရာ ဝိုင်းကြည့်နေကြသော လူကြီးများသည် သဘောကျလျက် တဟားဟားနှင့် ရယ်လျက်ရှိကြသည်။

ရေအလောင်းခံလိုက်ရသောအခါ မိန်းမငယ်သည် ညည်းညူလျက် တစ်ဖက်သို့ ထိုးလိုမ့်၍သွားလေသည်။

ရေနှင့် ပက်လောင်းနေသော လူကြီးသည် ဘေးမှလူများက တဟားဟားနှင့် ရယ်ရင်း အားပေးနေသောကြောင့် သူ့အလုပ်ကို သူ အင်မတန် သဘောကျကာ ကုန်သွားသောရေပုံးကို ပစ်ချလျက် နောက်တစ်ပုံးကို လှမ်းယူလိုက်လေသည်။

ဘမင်းသည် ထိုရေပုံးကို ဦးအောင်ယူလိုက်ကာ ထိုလူကြီးအား ဒေါသနှင့်ပစ်၍ ပက်လိုက်ရာ ထိုလူကြီး၌ ရေစိုရုံမျှမကဘဲ သံပုံးကြီးပါ ခေါင်း၌ စွပ်လျက် ဖင်ထိုင်လျက် လဲကျလျက် ရှိလေသည်။

မိန်းမငယ်သည် ထိုအခြင်းအရာကို အားနည်းသောမျက်လုံးနှင့် ငြိမ်သက်စွာ ကြည့်ရင်း မြင်နေရလေသည်။

လဲလျက်ရှိသော လူကြီးသည် သံပုံးကို ခေါင်းမှချွတ်၍ ချလိုက်ရာ ဘေးမှလူများသည် မိမိအား ဝိုင်းရယ်နေကြသည်ကို ဒေါသဖြစ်စွာဖြင့် ပြန်ကြည့်လိုက်ရင်း...

mgyoe.com

mgyoe.com

ရုတ်တရက် ထကာ ဘမင်း၏အင်္ကျီစကို ဆုပ်၍ ဆွဲလိုက်သည်။ ဘမင်းသည် အားယူနေသော လူကြီးအား ဘယ်ဘက်လက်သီးဖြင့် ဆတ်၍ ထိုးလိုက်ရာ ထိုလူကြီးမှာ ကြမ်းပြင်ပေါ်မှ လျှောခနဲ လွင့်ထွက်၍ သွားလေသည်။ ဘေးမှလူများသည် ထိုလူကြီးအား ကြည့်ကာ ဝါးခနဲ ရယ်လိုက်ကြပြန်လေသည်။

ဘမင်းသည် သူတို့အား လုံးလုံးဂရုမစိုက်ဘဲ လဲနေသောမိန်းမငယ်ဆီသို့ လျှောက်၍ သွားလေသည်။ မိန်းမငယ်သည် သူ၏ အားနည်းလှသောမျက်လွှာကို ဖြည်းညင်းစွာ ပိတ်လိုက်လေသည်။

ဘမင်းသည် မိန်းမငယ်၏လက်ကို ညင်သာစွာ ကိုင်၍ ဆရာဝန်တစ်ယောက်ကဲ့သို့ သွေးတိုးစမ်းလျက်ရှိနေရာ မိန်းမငယ်သည် မျက်လွှာကို ဖွင့်၍ ကြည့်ပြန်လေသည်။ ထို့နောက် ဘမင်းသည် မိန်းမငယ်၏အောက်မျက်ခွံကို အသာလှန်ကြည့်ရင်း ဘေးမှ ဝိုင်းအုံရပ်နေသော လူများကို မော့ကြည့်လိုက်ကာ...

"ဒါ ဘယ်သူလုပ်လာတဲ့ အလုပ်လဲဟေ့... (တောက်...) ဒါလောက်ယုတ်မာတဲ့ကောင်တွေ၊ နမချင်း ဘယ်လိုစာကြရမယ်ဆိုတာ မင်းတို့ကိုသင်ပေးရဦးမှာပေါ့။ ကဲ... ပြောကြစမ်းကွာ၊ ဒါ ဘယ်သူခေါ်လာတာ လဲ"

ဝိုင်း၍ ကြည့်နေကြသူများသည် မျက်နှာပိုး သတ်လိုက်ကာ ဘမင်းကို စူးစိုက်လျက် ရှိနေကြလေသည်။

ဘမင်းသည် မျက်နှာများကို အကဲခတ်ကြည့်ရင်း ဘယ်သူမှ ပြောပုံမရကြသောအခါ သူနှင့်အတူ ဝင်လာသော ဘကြီးဆိုးဘက်သို့ လှည့်တဲ့...

"ကဲ... ဘကြီးဆိုး"

ဟု မေးလိုက်သည်။

ဘကြီးဆိုးသည် ဘေးမှလူများကို လှည့်ပတ် ကြည့်ရှုလိုက်ပြီးနောက် ဘမင်းအား ကြည့်၍ ပါးစပ်ဟလိုက်သောအချိန်တွင် ဘေးမှ လူကြီးတစ်ယောက်သည် ဘကြီးဆိုးအား တစ်ချက်တည်း အလဲထိုးလိုက်လေသည်။

ဘမင်းသည် ထိုလူအား ဆွဲယူကာ ပိုင်ပိုင်ကြီး ဆက်ကာ၊ ဆက်ကာ ထိုးလိုက်ရာ ထိုလူမှာ လုံးလုံးမလှုန်နိုင်တော့ဘဲ နေရာတွင် မလှုပ်မယှက်

mgyoe.com

mgyoe.com


လဲနေလေတော့သတည်း။ တခြားလူများသည် ဘေးသို့ ရှဲ၍ ပေးလိုက်ကြ၏။

တစ်ယောက်တည်း ခွဲလျက် အရက်သောက်နေသော လူသည် ဘမင်းကို ပြုံး၍ ကြည့်လိုက်ပြီးလျှင် တစ်ဖက်သို့ လှည့်လိုက်၏။ ထိုလူ၏ အကြည့်ခံလိုက်ရသော တစ်ဖက်မှ လူကြီးတစ်ယောက်သည် ကြီးမားသော သံချွန်ကြီးတစ်ခုနှင့် ဘမင်းအား ပစ်လိုက်ရာ ဘမင်း၏ လျင်မြန်မှုကြောင့် သာလျှင် သံချွန်ကြီးသည် ဘမင်း၏ နောက်ဘက်ရှိ တိုင်ကြီးတွင် စိုက်ဝင်၍ သွားလေသည်။

ထို့နောက် ဘမင်းနှင့် ထိုလူကြီးသည် အတော် အကြိတ်အနယ် သတ်ပုတ်ကြရပြီးနောက် ထိုလူကြီး မထနိုင်တော့မှသာလျှင် ဘမင်းသည် ဒယိမ်းဒယိုင်နှင့် ထလာခဲ့လေသတည်း။

ဘမင်းသည် သံချွန်ကြီးစိုက်နေသော တိုင်ကို မှီလျက် ခေတ္တအမောဖြေရင်း မိမိ၏ ရန်သူများကို အကဲခတ်လျက်ရှိစဉ် တစ်ယောက်တည်း ငြိမ်သက်လျက် အရက်သောက်နေသော လူသည် ဘမင်းအား သရော်သော မျက်နှာမျိုးဖြင့် ကြည့်ကာ...

"တို့အထဲမှာတော့ ဘမင်းက ဇာတ်လိုက်ပဲဟေ့"

ဟု ပြောလိုက်သည်။ ထို့နောက် ခပ်လှမ်းလှမ်းတွင် နောက်ဆုတ်၍ ရပ်နေကြသော လူများဘက်သို့ ကြည့်၍...

"ဟေ့... မင်းတို့ကောင်တွေ ဘယ့်နှယ်လဲ..."

ဟု မေးလိုက်လေသည်။ ထို့နောက် ဘယ်သူမှ မလှုပ်ကြသောအခါ...

"အဘိုးကြီး၊ ခင်ဗျားဆရာလေးကတော့ ဒီအတိုင်းဆိုရင် ဒီမှာရှိနေတဲ့နွားတွေကို အုပ်ချုပ်သွားနိုင်မှာပါပဲနော်။ ဟား... ဟား... အဘိုးကြီးက မခေဘူးဟေ့၊ တော်တော်အကွက်မြင်သားပဲ..."

ဘကြီးဆိုးသည် တုန်တုန်ယင်ယင်နှင့်ပင် လက်ထဲမှ ဆေးတံ လွတ်ကျသွားပြီးနောက် စိတ်ကိုတင်းလျက်...

"အေးပေါ့ကွာ၊ မင်းကလွဲရင် ဒီမှာ ဘယ်သူဗိုလ်စွဲစွဲ လူတွေ အနိုပ်အစက်ခံရတာလည်း သက်သာသွားပြီး ငါ့ကုန်တွေလည်း မတရားအသိမ်းခံရဖို့ နည်းသွားမှာပေါ့..."

mgyoe.com

mgyoe.com


ထိုလူသည် အားရပါးရ ရယ်လိုက်၏။ ထို့နောက် ဘမင်းဘက်သို့ ကြည့်ရာမှ အဘိုးကြီးဆီသို့ကြည့်ရင်း...

"တယ်ဟုတ်ပါလားဟေ့...၊ ဒါ ဘကြီးဆိုးပြောလိုက်တဲ့စကားမှ ဟုတ်ရဲ့လား။ ဘမင်းဟာ ဒီရောက်လာတာ အရက် ၂ဝ လောက်ရှိသေးလို့၊ နှစ်လလောက်များ ကြာလာမယ်ဆိုရင် ဒီတဲလေးက သစ်ငုတ်တိုတွေ တောင် ထင်းပေါက်လို့ ရတော့မှာမဟုတ်ဘူး၊ အကုန်ခေါင်းမာကုန်ကြလို့။ အခုလည်း အဘိုးကြီးကို ကြည့်ပါလား။ ဟား... ဟား။ ဒါပေမဲ့ ဆရာဆိုတာ နှစ်ယောက်မရှိရဘူး။ တစ်ယောက်ပဲ ရှိရမယ်။ ဒီတော့ ဒီမှာရှိနှင့်တဲ့ ခင်ဗျားတို့ရဲ့ဆရာက ဘာလုပ်ရမလဲ သိလား၊ နောက်ပေါ်လာမယ့် ဆရာ ကို တပည့်ဖြစ်သွားအောင်၊ ဒါမှမဟုတ်ရင် ပေါ်မလာနိုင်..."

ဘမင်းသည် ထိုလူ၏စကားမဆုံးမီတိုင်တွင် စိုက်နေသော သံချွန် ကြီးကိုလက်ပြန်နုတ်၍ပစ်လိုက်ရာထိုလူ အရှောင်မြန်လိုက်သောကြောင့်သာ သီသီကလေးလွဲလျက် သံချွန်ကြီးမှာ ကောင်တာခုံ၌ စိုက်လျက်ရှိလေသည်။

ထိုလူသည် သံချွန်ကို ဒေါသနှင့် ဆွဲနုတ်လိုက်ကာ မျက်နှာပျက် သွားပြီး ပြန်ပစ်ရန် လုပ်နေရာမှ မပစ်တော့ဘဲ ဘမင်းကို ကြည့်၍ ရယ် လိုက်သည်။

"ငါ့ကောင်ကို ဒီလိုချစ်စရာမျိုး ကလေးတွေကြောင့် မသတ်ရက်တာ၊ နို့မို့ရင် ရောက်တဲ့နေ့ကတည်းက မြေဩဇာဖြစ်သွားပြီ"

ထိုသို့ ပြောနေစဉ် ဘမင်းသည် ထိုလူရှိရာသို့ ခုန်၍ ဝင်လာရာ ထိုလူက အသာကလေး ရှောင်လျက် ဘမင်း၏ခေါင်းအား လက်ထဲက သံချွန်နှင့် ရိုက်ချလိုက်လေသတည်း။

ထို့နောက် ဘာမှမဖြစ်သလို သံချွန်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီး လျှင် အေးဆေးစွာ အရက်ကို သောက်နေပြန်ရာ စောစောက နောက်သို့ ဆုတ်နေကြသော လူစုသည် ဘမင်းအား ဝိုင်းဝန်းရိုက်နှက် ထိုးကြိတ်ကြ လျက် ရှိလေသည်။

ထိုလူသည် အရက်သောက်နေရာမှ တစ်ချက်အော်လိုက်၏။ ထို့ကြောင့် အလျှိုလျှိုနှင့် နောက်ဆုတ်သွားကြရာ မတော်သေးဘဲ ထုထောင်း ရိုက် နှက်လျက်ရှိသော လူတစ်ယောက်အား စားပွဲပေါ်မှ သံချွန်နှင့် တစ်ချက်

mgyoe.com

mgyoe.com


တည်း ပစ်လိုက်လေသည်။ ထို့နောက် တစ်ဖက်သို့ လှည့်၍ ပြောလိုက်လေသည်။

"ထုတ်သွားစမ်း... ဒီကောင်ကို"

လူကြီးနှစ်ယောက်သည် သံချွန်မှန်၍ လဲကျသေဆုံးနေသော လူတစ်ယောက်အား ခြေထောက်တစ်ချောင်းစီကိုင်၍ တရွတ်တိုက်ပြီး ဆွဲယူသွားကြလေသည်။

ထိုလူသည် ခုံပေါ်၌ရှိသော ကြိုးတစ်ချောင်းကို ကိုင်၍ ထုံးရင်းသူ့လူများအား စကားပြောနေရာမှ ရုတ်တရက် ထိုင်လိုက်ကာ...

"ဘမင်း..."

ဟု ခေါ်လိုက်သည်။ ဘမင်းသည် မထူးဘဲနေ၏။ ထိုလူသည်...

"ငါ့ကောင် နားမကြားဘူး ထင်တယ်၊ နားကြားအောင် ကုပေးဦးမှ..."

ဟုပြောရင်း ဘမင်း၏ခေါင်းကို ကြိုးနှင့် စည်းလိုက်လေသည်။ အထုံးကလေးနှစ်ထုံးသည် ဘမင်း၏မျက်စိနှင့်တည့်တည့်တွင် တည်ရှိကြသည်။ ထိုလူက လှည့်ကြည့်လိုက်ရာ လူကြီးလေးယောက်တို့သည် ဘမင်းအနီးသို့ ရောက်လာကြပြီး ချုပ်ကိုင်ပေးကြလေသည်။

ထိုလူသည် ကြိုးကို ခပ်တင်းတင်း ဆွဲလိုက်ပြီး...

"ဘမင်း..."

ဟု ခေါ်လိုက်သည်။ ထို့နောက် ခပ်တင်းတင်းတုပ်၍ ဆွဲလိုက်ပြန်ရာ ဘမင်းတစ်ကိုယ်လုံး ဆတ်ဆတ်ခါ၍ သွားလေသည်။

"ဘမင်း..."

ဟု ထပ်ခေါ်လိုက်၏။

"ခင်ဗျား..."

"ဒီလိုမဟုတ်ဘူး၊ ဆရာကျော့ဝေလို့ ထူး၊ ဘမင်း"

"ခင်ဗျာ၊ ဆရာကျော့ဝေ..."

"မင်း ဘယ်သူလဲ ပြော၊ ဆရာကျော့ဝေတပည့်ပါလို့... မင်း ဘယ်သူလဲ"

"ဆရာ့တပည့်ပါ"

mgyoe.com

mgyoe.com


"ဘမင်း..."

"ခင်ဗျာ၊ ဆရာကျော့ဝေ..."

"မင်း ဘယ်သူလဲ..."

"ဆရာ့တပည့်ပါ..."

"ကဲ... လွှတ်လိုက်ကြ၊ လွှတ်လိုက်ကြ။ ဒီကောင် တော်တော် မှတ်ဉာဏ်ကောင်းလာပြီ၊ ဟော့... ဒီကောင်မလေးကို ငါ့တပည့်အခန်း ပို့လိုက်ဟော့၊ ငါ့တပည့်က မင်းတို့လို ယုတ်မာတာမျိုးကို မကြိုက်ဘူး၊ မိန်းကလေးတွေအပေါ်မှာလည်း စာနာတယ်၊ စိတ်လည်း ချရတယ် ကြားကြလား..."

"ဟုတ်ကဲ့ ဆရာ"

ကျော့ဝေ ထွက်သွားပြီးနောက် တခြားသူများသည် ဘကြီးဆိုး၏ အနီးသို့လာကြကာ...

"ခင်ဗျား ကောင်မလေးကို သူ့အခန်းထဲပို့လိုက်"

ဟု တစ်ဆင့် အမိန့်ပေးပြီးလျှင် ထွက်သွားကြလေသည်။

ဘမင်းသည် တစ်ယောက်တည်း ဒယိမ်းဒယိုင်နှင့် ထကာ အားတင်း၍ ထလာခဲ့လေသည်။

*

အခန်းသည် ခပ်မှောင်မှောင်ဖြစ်သည်။ ဘမင်းထိုင်နေသော ခုတင် နှင့် မနီးမဝေးတွင် ကောင်းစွာမလင်းသည့် မီးတိုင်တစ်တိုင်ရှိသည့်အပြင် ပြတင်းပေါက်မှ လရောင်မှာ အထဲသို့ကျနေသည်။ ဘမင်းသည် ခေါင်းငိုက် စိုက်ချ၍ ထိုင်လျက် ဆံပင်ထဲသို့ သူ့လက်နှစ်ဖက်ကို စုံထိုးကာ ငြိမ်သက် ၍ နေစဉ် တံခါးမကြီး 'ကျွီ' ဟု မြည်ကာ တဖြည်းဖြည်းချင်း ပွင့်လာသည်။

ဘမင်းသည် ငြိမ်သက်စွာနှင့် မျက်လုံးကို လှန်၍ ကြည့်လိုက်သည်။ ဘကြီးဆိုးသည် မိန်းမငယ်ကို တွဲ၍ ဝင်လာကာ ဘမင်းနှင့် မနီးမဝေးတွင် အသာရပ်စေ၍ ဖြည်းညင်းစွာ ပြန်ထွက်သွားလေသည်။

ဘမင်းသည် မတုန်မလှုပ် ငြိမ်မြဲငြိမ်နေသည့် မိန်းမငယ်ကို ဖြည်း ညင်းစွာ ဖွေ၍ ကြည့်လိုက်ပြီးလျှင် ပြန်လှည့်ကာ ငြိမ်မြဲငြိမ်နေသည်။

mgyoe.com

mgyoe.com


ဘမင်းသည် မိန်းမငယ်အား တစ်စုံတစ်ရာ ပြောမည်ကဲ့သို့ ပြုပြီးမှ မပြောတော့ဘဲ မျက်နှာလွှဲကာ ငြိမ်သက်မြဲ ငြိမ်သက်၍ နေပြန်သည်။

မိန်းမငယ်သည် ငြိမ်သက်၍နေရာမှ မျက်ရည်တွေ ကျလာသည်။ ထို့နောက် ရှိုက်၍၊ ရှိုက်၍ လာပြီးလျှင် နေရာတွင် ဖြည်းညင်းစွာ ထိုင်ချလိုက်သည်။

ဘမင်းသည် ငြိမ်နေရာမှ တစ်ချက်မျှ မျက်စောင်းထိုး၍ ကြည့်လိုက်ပြီးလျှင် ခဏတွေနေပြီး ဝုန်းခနဲ နေရာမှ ထလိုက်သည်။ ထို့နောက် မိန်းမငယ်ဘက်သို့ ဖြည်းညင်းစွာ ကြည့်လျက် ပြန်လှည့်လာပြီးလျှင် ရပ်ဆိုင်း၊ ရပ်ဆိုင်းနှင့် စဉ်းစားရင်း လမ်းလျှောက်နေသည်။ အတန်ကြာသောအခါ မိန်းမငယ်၏ ရှေ့နားတွင် သွား၍ ရပ်လိုက်၏။ မိန်းမငယ်သည် မော့မကြည့်ဘဲ ငိုမြဲငိုနေသည်။ ဘမင်းသည် ဘာမျှမပြောဘဲ ငုံ့ကြည့်၍ ထွက်သွားပြန်သည်။ နောက်တစ်ကြိမ် လာရပ်ပြန်သည်။

"ဟော့... တိတ်စမ်း၊ ဒီနေရာမှာ ငိုနေလို့ အပိုပဲ..."

မိန်းမငယ်သည် ငိုမြဲငိုလျက် ရှိလေသည်။ ဘမင်း ထပ်၍ ပြော–လိုက် သည်။

"ဟော့... တိတ်စမ်းဆို။ ဒီနေရာမှာ ငိုနေလို့ သနားမယ့်လူ ပေါ်လာမယ့် အရပ်မျိုးမဟုတ်ဘူး။ တိတ်လိုက်..."

မိန်းမငယ်သည် ငိုနေရာမှ ဘမင်းကို မော့ကြည့်လိုက်သည်။ ထို့နောက် တတ်နိုင်သမျှ မငိုမိအောင် ချုပ်တည်းလျက်ရှိစဉ်...

"နင့်မိဘတွေကော"

မိန်းမငယ်သည် ပြန်မပြောဘဲ ရှိုက်၍ နေသေးသည်။

အတန်ကြာမှ...

"သေကုန်ပြီ"

"ဘယ်တုန်းက သေတာလဲ"

"မမှတ်မိဘူး၊ ကျွန်မ ငယ်ငယ်ကလေးကပဲ"

"ဒီတော့ နင် ဘယ်သူနဲ့နေလဲ"

"ကျွန်မအရီးနဲ့"

"ခု နင့်အရီးကော"

mgyoe.com

mgyoe.com


"အရိုးလည်း သေပြီ"

"ဟ... တယ်ခက်တာကို... ဒါဖြင့် ခု နင် ဘယ်သူနဲ့နေသလဲဟ၊ အခုနေတာကို ပြောတာ အခု"

ဘမင်းသည် စိတ်တိုစွာ ပြောလိုက်ရာ မိန်းမပျိုက ထိတ်လန့်စွာ ဘမင်း၏မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရင်း...

"ကျ... ကျွန်မ... ရှင်... ရှင်နဲ့"

"ကဲ..."

ဘမင်းသည် သူ၏နဖူးကို သူ၏လက်နှင့် ရိုက်လိုက်ကာ စိတ်ပျက်သွားစွာနှင့် ထွက်၍သွားပြန်သည်။ ထို့နောက် မိန်းမငယ်အနားသို့ ပြန်လာ၍ ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် မိန်းမငယ်က ကြောက်ရွံ့စွာနှင့် စကားကို ပြင်လျက်...

"မ... မဟုတ်ပါဘူး။ ကျ... ကျွန်မက အခုပြောနေတာလားလို့"

"အေးပါ၊ အခု နင် ငါ့အခန်းထဲရောက်နေတာတော့ ငါလည်း သိတာပေါ့။ ဟိုတုန်းက နင် ဘယ်သူနဲ့ နေသလဲဆိုတာ"

"ကျွန်မအရိုးနဲ့"

"အဲဒီအရိုးကော"

"သေပြီ...။ မနှစ်က ရွာကို သူပုန်တိုက်တုန်းက သေတယ်၊ အဲဒီတုန်းက ကျွန်မပါနဲ့မှ ရွာထဲမှာ သုံးယောက်ပဲ လွတ်တယ်။ ကျန်တာတွေ အကုန်သေကုန်ကြပြီ"

"အဲဒီတော့ နင် ဘယ်သူနဲ့နေသလဲ"

မိန်းမငယ်သည် ဘမင်းကို မော့ကြည့်ရင်း မျက်ရည်တွေပေါက်ပေါက် ပေါက်ပေါက်နှင့် ကျလာပြန်သည်။ ဘာမှမပြောနိုင်ဘဲ ငေး၍နေသည်။

"ပြောလေ... ငါက အဲဒီ နင်နဲ့ အတူတူနေတဲ့လူဆီ ရောက်အောင် ပို့ပေးမလို့"

မိန်းမငယ်သည် ဘမင်းကို တစ်ချက်မော့ကြည့်ပြီး မျက်လွှာချလိုက်သည်။ ထို့နောက် သူ့ကိုယ်ကို သူ မငိုအောင် ချုပ်တည်းရင်း...

"ကျွန်မတစ်ယောက်တည်း"

ဟု တစ်လုံးချင်း ပြောလိုက်သည်။

mgyoe.com

mgyoe.com


ဘမင်းသည် မိန်းမငယ်အား ငုံ့ကြည့်နေရာမှ သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး လေးလံစွာ လမ်းလျှောက်လျက်ရှိသည်။ မိန်းမငယ်သည် ဘမင်းကို လိုက်ကြည့်နေရာမှ မျက်လွှာချရင်း ခေါင်းကိုငုံ့ကာ ငြိမ်သက်လျက် ရှိလေသည်။

ဘမင်းသည် မိမိ၏အိပ်ရာကို ပြင်ဆင်ရင်း ခေါင်းအုံးတစ်ခုကို ယူ၍ တစ်နေရာ၌ သွား၍ ထားလိုက်သည်။

ထို့နောက် မိန်းမငယ်ရှေ့တွင် လာရပ်ကာ...

"ကဲကဲ... ဟိုမှာသွားအိပ်၊ နင့်ကို ဒီနေရာက လွတ်သွားအောင် နင်သွားချင်တဲ့နေရာအရောက် ငါလိုက်ပို့ပေးမယ်...၊ ကြားလား"

မိန်းမပျိုသည် မလှုပ်မရှားဘဲ ငြိမ်သက်နေရာ ဘမင်းသည် သူအိပ်မည့်နေရာသို့ လာခဲ့လေသည်။ ထို့နောက်... အိပ်ရန်အတွက် ပြင်ဆင်နေရာမှ သတိရကာ...

"ဟဲ့... နင့်နာမည်ကော"

မိန်းမငယ်သည် လေးဆေးစွာ လှမ်းကြည့်ရင်း မပွင့်တပွင့် ပြောလိုက်သည်။

"ဘာ..."

"နှင်းနု..."

ဘမင်းသည် ကုလားထိုင်တစ်ခုပေါ်တွင် ခဲခဲယဉ်းယဉ်း ကုတ်ကုတ်ကတ်ကတ်နှင့် လှဲ၍ အိပ်လိုက်သည်။ ထို့နောက် မီးအိမ်ကို ငြိမ်းရန် ပြုလုပ်ပြီးမှ နှင်းနုဆီသို့ လှမ်းကြည့်လိုက်ကာ...

"ဟေး... သွားအိပ်ချေလေ"

နှင်းနုသည် ငြိမ်နေရာမှ သူ့အတွက် ပြင်ဆင်ထားသော ခုတင်ဆီသို့ လေးလံစွာ လျှောက်လာခဲ့သည်။ ထို့နောက် ခုတင်ပေါ်ထိုင်၍ ဘမင်းဆီသို့ တစ်ချက်ကြည့်လိုက်ပြီးလျှင် အိပ်ရာထက်တွင် လှဲမည်ပြုနေစဉ် ဘမင်းသည် နှင်းနုကို လုံးဝဂရုမစိုက်တော့ဘဲ မီးအိမ်ကို မှိန်လိုက်လေသတည်း။

နှင်းနုသည် အိပ်ရာပေါ်တွင် ပက်လက်လှန်လျက် မျက်လုံးအကြောင်သားနှင့် ဖြစ်နေသည်။ တလူးလူးတလွန့်လွန့်နှင့် ဖြစ်နေသည်။ မကြာ

mgyoe.com

mgyoe.com


မကြာလည်း မိမိကို နေရာပေးလျက် ဆင်းဆင်းရဲရဲနှင့် အိပ်နေရှာသော ဘမင်းကို လှမ်းကြည့်မိသည်။ သို့ ကြည့်ရင်း မျက်ရည်များ လည်၍လာသည်။ ခဏခဏ ဘယ်စောင်းညာလှည့်နှင့် လုပ်နေရာမှ မအောင့်နိုင်တော့ဘဲ ကျိတ်၍ ငိုမိလျက်ရှိသည်။

ဘမင်းသည် အိပ်ပျော်နေရာမှ ရုတ်တရက် နိုးလာကာ မီးတိုင်ကို မြှင့်တင်လိုက်ပြီးလျှင် မေးလိုက်သည်။

"ဟော့… ဘာလို့ငိုနေတာလဲ"

နှင်းနုသည် ထိုအခါမှ ပို၍ ရှိုက်ကြီးတငင် ငိုပစ်လိုက်ပြီးလျှင် မျက်နှာကို ခေါင်းအုံးပေါ်သို့ မှောက်ထားလိုက်လေသည်။ ဘမင်းသည် မီးတိုင်ကိုကိုင်ကာ သူ့နေရာမှ ထလာသည်။ ဘမင်းလာနေသောအချိန်၌ နှင်းနုသည် မငိုမိအောင် အတင်းချုပ်တည်းပစ်လိုက်သည်။ ဘမင်းက ထပ်၍ မေးလိုက်သည်။

"ဘာပြုလို့ ငိုနေရပြန်တာတုံး…"

နှင်းနုသည် မျက်ရည်များကို သုတ်ပစ်လိုက်ပြန်ကာ ပြုံး၍ မော့ကြည့်လိုက်သည်။ ထိုသို့ ပြုံးလျက် ကြည့်နေရင်း မျက်ရည်များ အသွယ်သွယ်ကျလာပြန်သည်။ ထို့နောက် အသံထွက်အောင် ရယ်ပစ်လိုက်လျက် အတန်ကြာ စိတ်တင်းရင်း…

"ကျွန်မ အောင့်ထားတာလည်း မရဘူး… ငိုချင်၊ ငိုချင်လာတယ်"

"ဘာလို့ ငိုချင်ရတာတုံး၊ နင့်ကို ဘယ်သူက နှိပ်စက်လို့လဲ၊ ငါ နင့်ကို ကူညီမယ်လို့ ပြောထားပြီးပြီ မဟုတ်လား…"

"ဟုတ်တယ်… ဒါကြောင့် ကျွန်မ ငိုချင်လာတာ…"

"ဟင်…"

ဘမင်းသည် အံ့အားသင့်၍ သွားလေသည်။ နှင်းနုက ဆက်၍…

"မဟုတ်ဘူး၊ ဒီလို မဟုတ်ဘူး။ အို… ဟုတ်တယ်၊ ဟာ… ဟိုဒင်း၊ ဒီလို ဒီလို ကျွန်မငယ်ငယ်တည်းက ဘယ်သူ့ဂရုတစိုက်ကိုမှ မခံခဲ့ရဖူးဘူး။ အရီးကလည်း ရိုက်တာပဲ။ အရီးယောကျ်ားကြီးကလည်း နှိပ်စက်တာပဲ။ နောက် ကျွန်မတစ်ယောက်တည်း နေရတော့လည်း တွေ့တဲ့လူတိုင်းဟာ နှိပ်စက်ကြတာပဲ။ လူတွေဟာ ဘယ်သူမှ ကျွန်မအပေါ်မှာ မကောင်းဘူး။

mgyoe.com

mgyoe.com


ဒါကြောင့် ကျွန်မကလည်း နိုင်မယ်ဆိုရင် အကုန်လုံးနှိပ်စက်ခဲ့တာပဲ။ ကျွန်မလေ လူတွေကို သိပ်မုန်းတယ်။ ဒါပေမဲ့ အခု ကျွန်မ ဒီမှာ တွေ့နေရတာကတော့..."

နှင်းနုသည် စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ ကျလာသော မျက်ရည်များကို ဖြတ်လမ်းက သုတ်ရင်း ခဏငြိမ်သက်နေပြီးမှ...

"ကျွန်မ လူဖြစ်လာကတည်းက ကျွန်မကို ဂရုတစိုက်နဲ့ ညှာတာတဲ့ လူကို အခု တစ်ခါတည်းပဲ တွေ့ဖူးသေးတယ်။ ကျွန်မ သိပ်ဝမ်းသာတာပဲ။ ကျွန်မရင်ထဲမှာ ဘယ်လိုဖြစ်နေမှန်း မသိတော့ဘူး။ ဟာသလိုလို၊ ဆို့သလိုလိုနဲ့ ငိုချင်၊ ငိုချင်လာတယ်။ အောင့်ထားလို့လည်း မရဘူး၊ ပြီးတော့ ကျွန်မလေ ကျေးဇူးတင်လိုက်တာ၊ သိပ်ကျေးဇူးတင်တာပဲ။ ကျွန်မတော့ ဒီတစ်သက်မှာ ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး။ ကျွန်မစိတ်ထဲမှာ..."

နှင်းနုသည် ပါးစပ်ဟောင်းလောင်းနှင့် ဘမင်း၏ မျက်နှာကို ကြည့်ရင်း ကြက်သေ သေသွားရာမှ ရှက်ပြီးလျှင်...

"ဟင်... ကျွန်မ ဘာတွေ ပြောမိပါလိမ့်"

ဟု ပြောရင်း မျက်နှာကို ဝှက်၍ လက်နှင့် ကာထားလိုက်လေသည်။

ဘမင်းသည် ငြိမ်သက်နားထောင်နေရာမှ မသိမသာ ပြုံးပြီးလျှင် နှင်းနု၏ ခေါင်းကို လှုပ်ယမ်းလျက် နှင်းနု၏ ပခုံးကို ရိုးသားစွာ ဆွဲ၍မလိုက်ရင်း...

"အရူး... အလကား အိပ်အိပ်"

ဟု ပြော၍ အိပ်စေပြီးလျှင် နှင်းနုကို အသာစောင်ခြုံ၍ ပေးခဲ့လေသတည်း။

နှင်းနုသည် ငိုပြီးခါစ ကြည်လင်သော မျက်လုံးနှင့်ငေးစိုက်၍ ကျန်ရစ်ခဲ့လေသတည်း။

လရောင်သည် နှင်းနုအား ထိုးလျက်၊ အပြင်မှ စကားပြောသံများကိုလည်း နှင်းနုသည် သတိမထားမိဘဲ ကြားနေရလျက်...

❒

mgyoe.com

mgyoe.com

# အခန်း (၄)

"ဆိုစမ်းပါဦးကွ၊ အချိန်မတော်ကြီးမှာ။ ငါက အဓိဋ္ဌာန်နဲ့ ပုတီးစိပ်နေတာ၊ နောက်တော့ ငါ့စိတ်ထဲမှာ ပါးစပ်က ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ အဝေရာ ရန်မရှိသည် ဟောန္တုဖြစ်ကြပါစေလို့ ဆိုတာထက် သတ္တဝါတစ်စုံတစ်ယောက်ကို လက်တွေ့ ထကူညီလိုက်တာက ပိုပြီး အကျိုးရှိမှာပါပဲလေလို့ အောက်မေ့ပြီး ထလိုက်လာရတာကလားကွ..."

"ဟုတ်ပါတယ်၊ ကိုဆိုးကို ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ကျုပ်တို့ကလည်း ပြောနေကြတာပဲ၊ ကိုဆိုးဟာ တကယ့်သူတော်ကောင်းကြီးပါလို့။ ဒါထက် ဟောဒီဟာကလေးယူပြီး ကျုပ်တို့ကို ခါတိုင်းလို..."

တဲကြီးအပြင်ဘက်တွင် ဘကြီးဆိုးသည် လူကြီးတစ်ယောက်နှင့် စကားပြောလျက်ရှိလေသည်။ ထိုလူကြီးမှာ ဝတ္ထုအစနားတွင် ဖော်ပြခဲ့သော လူသေတွေမှ ပစ္စည်းများကို ဖြုတ်ယူရင်း အဖြူခေါ် မိန်းမပျိုလေးကို တွေ့ရှိခေါ်ယူလာသော လူကြီးပင် ဖြစ်လေသည်။ ဘကြီးဆိုးသည် ရွှေကြိုးကလေးတစ်ကုံးကို လရောင်တွင် မြှောက်ကြည့်နေရာမှ...

"ကဲ... မောင်ပေါ... ဆန်နှစ်ပြည်နဲ့ ငါးသေတ္တာနှစ်လုံးပဲ"

"မနည်းဘူးလား ကိုဆိုး၊ အပြင်မှာဆိုရင် သုံးရာကျော်လောက်တန်မယ်"

"ဒီမှာ မောင်ပေါ၊ မင်းမို့ ငါ ဒါလောက်ပေးတာ၊ ငါ ပစ္စည်းတွေ

mgyoe.com

mgyoe.com


ဒီအထိသယ်လာရတာကို မင်းတွက်ကြည့်စမ်း။ အစိုးရတပ်ကို ဂိတ်ကြေးတွေ ပေးခဲ့ရတယ်။ သူပုန်တွေကျတော့လည်း ကုန်တန်ဖိုးတစ်ဝက် ပူဇော်ခဲ့တယ်။ ဒီက ငရဲပြည်ရောက်တော့လည်း ဓားပြတွေကို နာရီနှင့်အမျှ ပသပြီး အသက်နဲ့လဲနေရတာကိုလည်း ကြည့်ပါဦး။ အဲဒါတွေဟာ မင်းတို့ ဒုက္ခသည်တွေ ငတ်မှာစိုးလွန်းလို့ ကုသိုလ်ရ ပြီးရောဟဲ့ဆိုပြီး စွန့်စားလာတာ၊ တခြားလူတွေ ဒီလိုလုပ်ဝံ့ပါ့မလား၊ ငါမို့..."

"ဟုတ်ပါတယ် ကိုဆိုးရယ်။ ဒီကလူတွေကလည်း ကိုဆိုးရဲ့ မေတ္တာထားပုံ၊ စွန့်စားပုံတွေကို ချီးကျူးကြပါတယ်။ ဒါပေမဲ့ နည်းနည်းတော့ တိုးပေးဗျာ၊ ကျုပ်လေ ကံကောင်းလို့ မသေတာဗျ"

"ကဲ... ကဲ၊ နိဗ္ဗာန ပစ္စယောပဲကွာ၊ ဆန်တစ်ခွက်နဲ့ ငါးခြောက်တစ်ပြား တိုးပေးလိုက်မယ်"

ပြောပြောဆိုဆို ဦးဆိုးကြီးက လေချွန်လိုက်ရာ လူတစ်ယောက်သည် ရုတ်တရက် အနားသို့ ရောက်လာခဲ့လေသည်။

"ဟော့... မောင်အဂ္ဂ၊ ဆန်နှစ်ပြည်တစ်ခွက်နဲ့ ငါးသေတ္တာနှစ်လုံး၊ ပြီးတော့ ငါးခြောက်တစ်ပြား ယူခဲ့ဟေ့ ကြားလား။ အချိန်မရှိခိုင်းလို့ အားနာပါရဲ့ကွာ၊ မင်းတို့လည်း ငါ့ပစ္စည်းတွေ ဒီလိုစောင့်ပေးကြလို့ ကျေးဇူးတင်ပါတယ်။ ရှေ့လကျရင် လခတိုးပေးမယ်ဟေ့"

ထိုလူ ထွက်သွားသောအခါ...

"ဒီကောင်တွေလည်း ချော့နေရတာပဲ။ ဘယ်လောက်ပေးပေး ကိုယ့်လူ ကိုယ်ယုံလို့ မရဘူး။ သူတို့ဆရာကျော့ဝေဆိုမှ ကျော့ဝေပဲ၊ ခက်တာက လူတွေဟာ နှိပ်စက်တဲ့လူအပေါ်မှာ သစ္စာရှိတတ်ကြတာကလား"

ဘကြီးပေါသည် နားထောင်နေရာမှ ထွက်သွားသော လူဘက်သို့ လှည့်ကြည့်ပြီး ဦးဆိုးဘက်သို့လှည့်ကာ မျက်နှာချိုသွေးရင်း မိမိအကျႌအိတ်ထဲမှ လက်ကောက်များကို ထုတ်၍ပြလိုက်သည်။ ဦးဆိုးက လက်ကောက် တစ်ကွင်းကို ဆွဲယူလျက် အသာဆ ကြည့်ပြီးနောက်...

"ဆန်ကိုလိုချင်ရင် တစ်ပြည်၊ ငါးသေတ္တာလိုချင်ရင် တစ်လုံးပဲ"

ဦးပေါက ပြုံး၍ ရှေ့တိုးလာပြီး...

"တစ်ကွင်းကို သုံးမတ်သားရှိတယ် ကိုဆိုး"

mgyoe.com

mgyoe.com


"ငါသိပါတယ် မောင်ပေါရာ"

"အဲဒါတွေ ခင်ဗျားကို အလကားပေးမလို့"

ဘကြီးဆိုးသည် လက်ကောက်တစ်ကွင်းကို ပြန်ယူလိုက်ကာ ရွှေစစ်မစစ် ကြည့်လျက် တီးခေါက်လိုက်၊ သွားနှင့် ကိုက်ကြည့် လုပ်နေသဖြင့်...

"ရွှေစစ်ပါတယ် ကိုဆိုးရဲ့၊ ရွှေမှ အိနေတဲ့ ရွှေ"

ဦးဆိုးကြီးသည် လက်ကောက်များကို ဦးပေါ၏လက်ထဲမှ ဆွဲယူလိုက်ပြီး ဘယ်နှကွင်းရှိသည်ကို ရေတွက်လျက်...

"ကဲ... မင်း ဘာလိုချင်လို့လဲ"

ဘကြီးပေါသည် အတန်ကြာ ချိန်ဆရပ်နေပြီးမှ...

"သမီးအဖြူ"

ဟု တစ်ဖက်သို့ လှည့်၍ ခေါ်လိုက်သည်။

အဖြူသည် မှောင်ရိပ်တစ်ခုမှ တည်ငြိမ်သောမျက်နှာဖြင့် အသာအယာ ထွက်၍လာခဲ့သည်။ ဦးဆိုးကြီးက နားမလည်သလိုမျက်နှာဖြင့် ကြည့်နေသည်။ ထို့နောက် ဦးပေါကို ကြည့်နေရာမှ အဖြူကို သေချာစွာ ကုန်း၍ ကြည့်လိုက်ရာ အလွန်လှပသော မျက်နှာကလေးကို တွေ့နေရလေသည်။

ဦးပေါက "အဲဒါ" ဟု စကားစလိုက်စဉ် ရိက္ခာများကို ယူ၍လာသောသူ ရောက်လာသဖြင့် စကားစကို ဖြတ်ထားလိုက်ပြီး ခေါင်းတွင်ပတ်ထားသော လုံချည်နှင့် ယူလာသော ဆန် စသည်တို့ကို ထုပ်နေသည်။ ဆန်များလာပို့သူသည် အဖြူနှင့်တကွ ဦးဆိုးကြီးတို့အား မသင်္ကာသောမျက်လုံးဖြင့် ကြည့်၍နေရာ ဦးဆိုးက...

"မင်းသွားနိုင်ပါပြီကွာ..."

ဟု နှင်လိုက်လေသတည်း။

ထိုအချိန်မှ ဘကြီးပေါသည် ဦးဆိုးကြီး၏အနီးသို့ကပ်၍...။

"သူနဲ့ ကျုပ်ကို အစိုးရနယ်ထဲရောက်အောင် ခင်ဗျား ကုန်ကားထဲဝှက်ထည့်ပေးလိုက်ဖို့ပဲ..."

"ထည့်ပေးတာကတော့ မခဲယဉ်းဘူးကွ၊ ကုန်ကားရောက်ဖို့က

mgyoe.com

mgyoe.com


ငါးရက်လောက် လိုသေးတယ်။ ပြီးတော့ ငါ့ဒရိုင်ဘာတွေနဲ့ သူ့လူတွေကို အတူထည့်ထားတယ်ကွ..."

"ဒါတော့ ဒရိုင်ဘာနဲ့ အတူလိုက်မယ့် သူ့ကောင်တွေကို ကျေနပ်အောင် ပေးရမှာပေါ့၊ ကိုဆိုးကသာ..."

"အို... ငါ့အတွက် ဘာမှမစဉ်းစားနဲ့၊ ငါက ကိုယ်ချင်းစာပြီးသား။ အခုလည်း ငါ့ကို မပြန်ရဘူးတဲ့၊ ကုန်တွေလိုချင်ရင် ကားနဲ့ ဒရိုင်ဘာကို စာရေးလွှတ်တဲ့၊ ငါလည်း မောင်ပေါတို့လို ဒီမှာလာပြီး အကျယ်ချုပ်မိနေရတာပါပဲကွာ။ ဒါလည်း ဒီက ဒုက္ခသည်တွေ သနားမိပြီး ရိက္ခာလေး ဘာလေး သူတို့ရှိတဲ့ ပစ္စည်းကလေးတွေနဲ့ လဲချင်လည်း လဲကြပါစေ၊ ဝဝစားကြ၊ သောက်ကြပါစေ ဆိုပြီး လာမိလို့၊ အို... ငါ့စေတနာ ငါ့အကျိုးပေးမှာပါကွာ၊ ဘုရားသိပါတယ် ငါ မကြောက်ပါဘူး..."

ဦးပေါသည် ဦးဆိုးပြောသော စကားများကို စိတ်မဝင်စားဘဲ အဖြူကို ကြည့်၍ စဉ်းစားနေရာမှ...

"ဒါဖြင့် ကျုပ်တို့သားအဖ စိတ်ချနေမယ်နော်..."

"အေးပါ၊ ငါပြောပြီကော လိုက်ရဖို့ကတော့ မပူနဲ့၊ ဒါပေမဲ့ ကားလာဖို့က ငါးရက်လိုသေးတယ်။ ငါ့ဒရိုင်ဘာနဲ့အတူ ကျော့ဝေဆီက အကောင်တစ်ယောက် ရှိတယ်။ အဲဒါပဲ..."

"ဒရိုင်ဘာနားရှိတဲ့လူတော့ ကျေနပ်အောင် ပေးမယ်ဗျာ၊ ပြီးတော့..."

"အဲဒါက ခက်ခက်ခက်ပဲ မောင်ပေါရ၊ သူတို့လူသိုက်က ဒီလောက်ရွှေလေးပေးရုံနဲ့ ကျေနပ်မှာမဟုတ်ဘူး။ (အဖြူကိုကြည့်ကာ ဘကြီးပေါ၏နားနားသို့ ကပ်လျက်) ဒီလို လှလှပပ ငယ်ငယ်ရွယ်ရွယ်ကလေးတွေဆိုရင် လူပါပေးမှ (နဂိုအသံအတိုင်း) ကျေနပ်မှာကွ၊ ကျေနပ်မှာ..."

"ဒီလိုဆိုတော့လည်းဗျာ ကားထွက်ခါနီးမှ ပြောကြည့်မယ်၊ ပြောလို့မရလည်း ရတဲ့နည်းနဲ့ လုပ်သွားရတာပေါ့။ ကျုပ် အိုပေမဲ့ တစ်ယောက်ချင်းတော့ တစ်ပွဲတစ်လမ်း စမ်းဝံ့ပါသေးတယ်..."

"ဒါထက် လောလောဆယ်က ကားမလာခင် ငါးရက်အတွင်း မင်းတို့ ဘယ်လိုနေ..."

"အဲဒါတော့ ကျုပ်တို့ ကိုဆိုးဆီမှာ ကျုပ်ဆီထက် စိတ်ချရလိမ့်မယ်လို့

mgyoe.com